ဒသ၊ ဆယ်ပါးကုန်သော။ ဩဠာရိကာယတနာနိ၊ ဩဠာရိကာယတနတို့သည်။ ဟောန္တိ၊ နံ၏။ စက္ခာယတနမေဝ၊ စက္ခာယတနသည်သာလျှင်။ န၊ မဟုတ်။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ရူပဋ္ဌ ဓမ္မာယတနန္တိ အာဒိနာ၊ ဖြင့်။ ယေဟိ ဓမ္မေဟိ၊ အကြင် ရူပက္ခန္ဓာ အစရှိကုန်သော တရားတို့သည်။ တီဟိပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ သင်္ဂဟေဟိ၊ ခန္ဓသင်္ဂဟ စသည်တို့ဖြင့်။ အသင်္ဂဟိတံ၊ မရေတွက်အပ်သော။ ယံဓမ္မဇာတံ၊ အကြင်သဘောတရားသည်။ အတ္ထိ၊ ၏။ တံဓမ္မဇာတံ၊သည်။ ဝိညာဏမေဝ၊ ဝိညာဏ်သည်သာလျှင်။ ဟောတိ၊ ၏။ အသင်္ဂဟိတေန အသင်္ဂဟိတဒ္ဓ၊ အသင်္ဂဟိတေန အသင်္ဂဟိတ တရားသည်လည်း။ဝိညာဏဝဇ္ဇံ၊ ဝိညာဏ်သည် ကြဉ်အပ်သော။ သဗ္ဗံ၊ အလုံးစုံသော ခန္ဓာလေးပါး, နိဗ္ဗာန်သည်။ ဟောတိ၊ ၏။ တေဝ ဓမ္မေ၊ ထို အသင်္ဂဟိတေန အသင်္ဂဟိတဖြစ်ကုန်သော ဝိညာဏ်ကြဉ်အပ်သော ခန္ဓာလေးပါး, နိဗ္ဗာန်တရားတို့ကိုသာလျှင်။ ဥဒ္ဒါနေတိ၊ တပေါင်းတည်းဆောင်တော်မူ၏။ တတ္ထ၊ ထိုဥဒ္ဒါန်းတို့တွင်။ ပဌမေန၊ သော။ ရူပက္ခန္ဓေန၊ နှင့်။ သဒိသ ဝိဿဇ္ဇနေသု၊အဖြေ တူကုန်သောတရားတို့ကို။ ကေတော၊တခုတည်းအားဖြင့်။ဥဒ္ဒါနေတွာ၊ပေါင်းစု၍။ ဒဿိတေသု၊ ပြအပ်ကုန်သည်ရှိသော်။ အညေ၊ အဖြေတူသော တရားတို့မှ တပါးကုန်သော။ဝိသဒိသ ဝိဿဇ္ဇနာ၊အဖြေမတူသော တရားတို့ကို။ နယဒါနေန၊နည်းကို ပေးသဖြင့်။ ဝါ၊ သိခြင်း၏အကြောင်းဖြစ်သော ဤနည်းဖြင့်။ ဒဿိတာ၊ ပြအပ် ကုန်သည်။ ဟောန္တိ၊ နံ၏။ တေန၊ ထိုကြောင့်။ ရူပဋ္ဌ ဓမ္မာယတနန္တိ ။ပ။ အညေနာ ကာရေန သင်္ခိပိတွာ ဒဿိတာတိ၊ ဟူ၍။ အာဟ၊ အဋ္ဌကထာဆရာ မိန့်တော်မူပြီ။

တတ္ထ၊ ထိုဥဒ္ဒါန်းဂါထာ၌။ ဒွေဘဝါတိ၊ ကား။ အသညေကဝေါကာရ ဘဝါ၊ အသညီဘဝ,ဧကဝေါကာရဘဝတို့တည်း။ ဒွေတိ၊ ဒွေဟူသောစကားကို။ ဗာဟိရူပါဒါဓမ္မေဝေ၊ ဗာဟိရဓမ္မ, ဥပါဒါဓမ္မတို့ကိုသာလျှင်။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ၏။ အသင်္ဂါဟကေန၊ အသင်္ဂါဟက တရားဖြစ်သော။ ယေန၊ ရူပက္ခန္ဓေန ယေဓမ္မာ စသည်ဖြင့် ဟောတော်မူအပ်သော ရူပက္ခန္ဓာ စသည်သည်။ အသင်္ဂဟိတေန၊ ယေခမ္မာ၏အရဖြစ်သောခန္ဓာ စသည်တို့ဖြင့် မရေတွက်အပ်သော စိတ်တခု ယုတ် ကိုးဆယ် စသော အသင်္ဂဟိတ တရားသည်။ ပုစ္ဆိတဗ္ဗဋ္ဌ၊ မေးအပ်သည်လည်း ဖြစ်သော။ ဝိဿဇ္ဇေ တဗ္ဗဋ္ဌ၊ ဖြေအပ်သည်လည်းဖြစ်သော။ အသင်္ဂဟိတံ၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန် စသော အသင်္ဂဟိတ တရားကို။ ပရိစ္ဆိဇ္ဇတိ၊ပိုင်း ခြား၏။ ။တနည်းကား၊ အသင်္ဂါဟကေန၊ သော။ ယေန၊ သည်။ အသင်္ဂဟိတေန၊ သည်။ အသင်္ဂဟိတံ၊ ကို။ ပုစ္ဆိတဗ္ဗဋ္ဌ၊ မေးအပ်သည်ဖြစ်၍ရင်း။ ဝိဿဇ္ဇေ တဗ္ဗဋ္ဌ၊ ဖြေအပ်သည်ဖြစ်၍ရင်း။ ပရိစ္ဆိဇ္ဇတိ၊ ပိုင်းခြား၏။ သောရူပက္ခန္ဓာဒိကော၊ ထိုရူပက္ခန္ဓာ စသော အသင်္ဂါဟက တရားကို။ တဿစ၊ ထိုရုပ်, ဝေဒနာ, သညာ, သင်္ခါရ, နိဗ္ဗာန် စသော အသင်္ဂဟိတ တရား၏ရင်း။ ပုစ္ဆာ ဝိဿဇ္ဇနာနဋ္ဌ၊ ပုစ္ဆာ,

ဝိဿဇ္ဇနာတို့၏ရင်း။ နိဿယဘာဝတော၊မှီရာ၏အဖြစ်ကြောင့်။ ဝိသယောတိ၊ဟူ၍။ ဝုတ္တော၊ ၏။ ပန၊ ဝိသယမည်ကြောင်းမှဘပါး နယမည်ကြောင်းကိုဆိုအံ့။ ယဿာ ဒဿိတဿ၊ အကြင်အကြင်ပြအပ်သော။ ဥဒါနဿ၊ ဥဒါန်းဂါထာ၏။ နယဒါန မတ္တတ္တာ၊ နည်းပေးခြင်းမျှ၏အဖြစ်ကြောင့်။ ဝါ၊ သိကြောင်းနည်းမျှ၏အဖြစ်ငှာ။ နယောတိ၊ နယဟူ၍။ ဝုတ္တံ၊ ၏။ ဒွေဝိသနယောတိပိ၊ ဟူ၍လည်း။ ပါဌော၊ ပါဌ် ရှိ၏။ ဒွေဝိသပဒိကော၊ နှစ်ဆယ့်နှစ်ပုဒ်ရှိသော။ သေ နယောစ၊ ဤနည်းကိုလည်း။ သုဗုဒ္ဓေါ၊ ကောင်းစွာသိအပ်၏။ ဣကိအယံ၊ ကား။ အတ္ထော၊ တည်း။

ဂဏ္ဌိ။ ။စတုတ္ထပဥ္စေ စက္ခာယတနံ-စသောပါဌ်၏ အဓိပ္ပါယ်ကား၊ စက္ခာ ယတနံ-ဟူသောပါဌ်ဖြင့် ပါဠိတော်၌ စက္ခာယတနေန ယေဓမ္မာဟု ဟောတော်မူ အပ်သော အသင်္ဂါဟကဖြစ်သော စက္ခာယတနကို အဋ္ဌကထာဆရာပြတော်မူသည်။ အသင်္ဂဟိတသည်ကား စက္ခာယတနသာမဟုတ် ဩဠာရိကာယတန ဆယ်ပါးတို့ သည် အသင်္ဂဟိတ တရားတို့ဘည်းဟု ပြတော်မူသည်။ ။ရူပဥ္စ ဓမ္မာယတနန္တိ အာဒိနာ စသောပါဌ်၏ အဓိပ္ပါယ်ကား၊ ဝိညာဏက္ခန္ဓာသည် အသင်္ဂဟိတသာ ဖြစ်သည်၊ အသင်္ဂဟိတေန အသင်္ဂဟိတမဖြစ်။ ဝိညာဏက္ခန္ဓာမှ တပါးသော ခန္ဓာ လေးပါး,နိဗ္ဗာန်သည် အသင်္ဂဟိတေန အသင်္ဂဟိတ တရားဖြစ်သည်။ ထို အသင်္ဂဟိ တေန အသင်္ဂဟိတ တရားဖြစ်သော ခန္ဓာလေးပါး, နိဗ္ဗာန်တရားတို့ကိုသာ ဥဒါန်း ဂါထာပြုတော်မူသည်ဟု ပြတော်မူသည်။

ပဥ္စမနယ ပြီး၏။

---

## သမ္ပယောဂ ဝိပ္ပယောဂပဒ နိဒ္ဒေသ

သမ္ပယောဂ ဝိပ္ပယောဂပဒေ၊ ၌။ ယံလဗ္ဘတိ။ပ။ဂဟိတန္တိ ဣဒံ၊ ဟူသော ဤစကားကို။ ရူပက္ခန္ဓာဒီနိ၊ ရူပက္ခန္ဓာ အစရှိကုန်သော။ ပဒါနိ၊ တို့ကို။သန္ဓာယ၊ ၍။ နဝုတ္တံ၊ မိန့်အပ်သည် မဟုတ်။ အထခေါ၊ သော်ကား။သမ္ပယောဂ ပဒဥ္စ၊ ကို လည်းကောင်း။ ဝိပ္ပယောဂ ပဒဥ္စ၊ ကိုလည်းကောင်း။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ရူပက္ခန္ဓာဒီသု၊ ရူပက္ခန္ဓာ စသည်တို့တွင်။ ယံဓမ္မာယတ နာဒိ ပဒံ၊ အကြင် ဓမ္မာယတန စသောပုဒ်ကို။ နလဗ္ဘတိ၊ မရအပ်။ တံ၊ ထိုဓမ္မာယ တန စသောပုဒ်ကို။ ပုစ္ဆာယပိ၊ မေးခြင်းငှါလည်း။ ဟိယသ္မာ၊ ကြောင့်။ နဂဟိတံ၊ မယူအပ်။ ပန၊ ရူပက္ခန္ဓ စသော ပဒတို့မှတပါး သမ္ပယောဂပဒကို ဆိုအံ့။ ရူပက္ခန္ဓာ ဒီသု၊ တို့၌။ အလဗ္ဘမာနမ္ပိ၊ မရအပ်သည်လည်း ဖြစ်သော။ သမ္ပယောဂပဒံ၊ ကို။ ရူပက္ခန္ဓော ကတိဟိ။ပ။သမ္ပယုတ္တောတိ၊ ဟူ၍။ ဧဝံ၊ သို့။ ပုစ္ဆာယ၊ ငှါ။ ဟိယသ္မာ၊

ကြောင့်။ ဂဟိတံ၊ ၏။ ဝေဒနာက္ခန္ဓာဒီသု၊ ဝေဒနာက္ခန္ဓာ စသည်တို့၌။ လဗ္ဘမာနံ၊ ရအပ်သော။ သမ္ပယောဂ ပဒံ၊ ကို။ ပုစ္ဆာယ၊ ၌။ ဟိယသ္မာ၊ ကြောင့်။ ဂဟိတံ၊ ၏။ ပန၊ သမ္ပယောဂ ပဒမှတပါး ဝိပ္ပယောဂ ပဒကို ဆိုအံ့။ သဗ္ဗတ္ထ၊ အလုံးစုံကုန်သော ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ စသည်တို့၌။ လဗ္ဘမာနမေဝ၊ ရအပ်သည်သာလျှင်ဖြစ်သော။ ဝိပ္ပယောဂ ပဒံ၊ ကို။ ပုစ္ဆာယ၊ ၌။ ဟိယသ္မာ၊ ကြောင့်။ ဂဟိတံ၊၏။ ဣတိတသ္မာ၊ ထိုသို့ ရူပက္ခန္ဓာ စသည်တို့တွင် ဓမ္မာယတနာဒိ ပဒကို မယူအပ်သည်၏ အဖြစ်၊ ရအပ်,မရအပ်သည်တို့၌ သမ္ပယောဂ ပဒကို ယူအပ်သည်၏ အဖြစ်၊ ရအပ်သည်၌သာလျှင် ဝိပ္ပယောဂ ပဒကို ယူအပ်သည်၏အဖြစ်ကြောင့်။(ဟိတ်ဘို့ကိုပြန်၍ စွဲ) ရူပက္ခန္ဓာဒီနိ၊ ကုန်သော။ ပဒါနိ၊ တို့ကို။ သန္ဓာယ၊ ၍။ နဝုတ္တဘာဝေါစ၊ မဆိုအပ်သည်၏ အဖြစ်ကိုရင်း။ သမ္ပယောဂ ပဒဥ္စ၊ ကိုရင်း။ ဝိပ္ပယောဂ ပဒဥ္စ၊ ကိုရင်း။ သန္ဓာယ၊ ၍။ ဝုတ္တဘာဝေါစ၊ ဆိုအပ်သည်၏ အဖြစ်ကိုရင်း။ ဝေဒိတဗ္ဗော၊ ၏။ (ပဋိညာသို့စပ်)

## ၄၈—သမ္ပယုတ်, ဝိပ္ပယုတ်ဖြစ်ခြင်း မဖြစ်ခြင်းကို ပြတော်မူခြင်း

ရူပဓမ္မာနံ ပန ရူပေန နိဗ္ဗာနေနဝါ နိဗ္ဗာနဿစ ရူပေန သဒ္ဓိံ သမ္ပယောဂေါ နာမ နတ္ထီတိ တေန၊ ပါဌ်ဖြင့်။ ကေပ္ပါဒါဒိ သဘာဝတာယ၊ ကေပ္ပါဒ စသော သဘာဝအဖြစ်၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ သမ္ပယောဂံ၊ သမ္ပယုတ်ကို။ နိဝါရေန္တေန၊ မြစ်တော်မူသဖြင့်။ ဝါ၊ ကြောင့်။ဝါ၊ မြစ်တော်မူသော အဋ္ဌကထာဆရာသည်။ (ဝိပ္ပယောဂေါပိ နိဝါရိတောသို့စပ်) သာဝေ ကေပ္ပါဒါဒိတာ၊ ထိုကေပ္ပါဒ စသောအဖြစ်သည်သာလျှင်။ တေသံ၊ ထိုရုပ်,နိဗ္ဗာန်တို့၏။ အရူပက္ခန္ဓေဟိ၊ နာမက္ခန္ဓာတို့နှင့်။ ဝိသဘာဂတာ၊ဝိသဘာဂ၏ အဖြစ်သည်။ ယသ္မာ၊ကြောင့်။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ထိုသို့ ဝိသဘာဂ ဖြစ်ခြင်းကြောင့်။ တဒဘာဝတော၊ ထိုဝိသဘာဂဖြစ်သော ကေပ္ပါဒ စသောအဖြစ်၏ မရှိခြင်းကြောင့်။ဝိပ္ပယောဂေါပိ၊ ဝိပ္ပယုတ်ကိုလည်း။ နိဝါရိတောဝ၊ မြစ်အပ်သည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗော၊ ၏။ စတူသု၊ ကုန်သော။ ခန္ဓေသု၊ နာမက္ခန္ဓာတို့၌။ ဝိဇ္ဇမာနာ၊ ရှိသော။ ကေပ္ပါဒါဒိတာ၊ ကေပ္ပါဒ စသောအဖြစ်သည်။ တေသံ၊ ထိုနာမက္ခန္ဓာတို့၏။ အညမည သဘာဂတာ၊ အချင်းချင်းသဘာဂ၏ အဖြစ်သည်။ ဟိယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ ရူပနိဗ္ဗာနေဟိ၊ တို့နှင့်။ တေသဥ္စ၊ ထိုနာမက္ခန္ဓာတို့၏ရင်း။ တေဟိ၊ ထိုနာမက္ခန္ဓာတို့နှင့်။ ရူပနိဗ္ဗာနာနဥ္စ၊ တို့၏ရင်း။ဝိသဘာဂတာစ၊ဝိသဘာဂ၏ အဖြစ်သည်လည်း။ ဟိယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ ရူပေကဒေသေန၊ ရုပ်တစိတ်နှင့်။ ရူပေကဒေသ နိဗ္ဗာနာနဥ္စ၊ ရုပ်တစိတ် နိဗ္ဗာန်တို့၏ရင်း။ နိဗ္ဗာနေန၊နှင့်။ ရူပဿစ၊ ရုပ်၏ရင်း။ ယာ ဝိသဘာဂတာ၊ အကြင် ဝိသဘာဂ၏ အဖြစ်သည်။ သိယာ၊ ၏။ ကေပ္ပါဒါဒိတာ၊ သော။ သာ ဝိသဘာဂတာ၊ သည်။ ဟိယသ္မာ၊

ကြောင့်။ နစအတ္ထိ၊ ရှိလည်းမရှိ။ တေနေဝ၊ ထိုသို့ နာမက္ခန္ဓာတို့၏ သဘာဂ၏ အဖြစ်ကြောင့် သာလျှင်။ စတူဟိ ဝိပ္ပယောဂေါတိစ၊ ဟူ၍လည်း။ ဟိယသ္မာ၊ ကြောင့်။ ဝုတ္တံ၊ ၏။ ဣတိတသ္မာ၊ ထိုသို့ နာမက္ခန္ဓာတို့၏ သဘာဂ၏အဖြစ်၊ ရုပ်, နိဗ္ဗာန်တို့၏ ဝိသဘာဂ၏အဖြစ်၊ ရုပ်တစိတ် နိဗ္ဗာန်တို့၏ ဝိသဘာဂ မရှိသည်၏ အဖြစ်၊ စတူဟိ ဝိပ္ပယောဂေါ-ဟု ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ (ဟိတ်လေးချက်ကိုစွဲ) ဝိပ္ပယောဂေါပိ၊ ကိုလည်း။ နိဝါရိတောဝ၊ သာလျှင်။ ဟောတိ၊ ၏။ (ပြန်၍စပ်)

ဂဏ္ဌိ။ ။အရှင်ဋီကာဆရာ—ရူပဓမ္မာနံ ပန အစရှိသောပါဌ်ဖြင့် ရုပ်တရားတို့၏ ရုပ်,နိဗ္ဗာန်နှင့်ငှင်း၊ နိဗ္ဗာန်၏ ရုပ်နှင့်ငှင်း သမ္ပယုတ်မဖြစ်ဟု မိန့်သောကြောင့် ဝိပ္ပယုတ်ကားဖြစ်၏ဟု ခွင့်ပြုတော်မူပါသလောဟု စုဒ်ရှိရကား ရူပဓမ္မာနံပန ရူပေန ။ပ။ဒဋ္ဌဗ္ဗောကို မိန့်။ ။အဓိပ္ပါယ်ကား၊ ကေပုဗ္ဗါဒ-စသော သဘာဂ၏ မရှိခြင်းကြောင့် သမ္ပယုတ် မဖြစ်သည်ကို မြစ်သဖြင့် ထိုကေပုဗ္ဗါဒ-စသောဝိသဘာဂ၏ မရှိခြင်းကြောင့် ဝိပ္ပယုတ်မဖြစ်ဟု မြစ်တော်မူသည် ဖြစ်ဘိသော်။ ။ထိုအနက်ကို အကျယ်အားဖြင့် အကြောင်းကို ပြတော်မူလိုရကား စတူသုဟိ။ပ။ဝုတ္တန္တိကို မိန့်။ ။ အဓိပ္ပါယ်ကား၊ နာမက္ခန္ဓာလေးပါးတို့၌ ကေပုဗ္ဗါဒ စသည်ရှိသောကြောင့် သဘာဂ ရှိသည်။ ရုပ်,နိဗ္ဗာန်တို့နှင့် နာမက္ခန္ဓာတို့သည်ငှင်း၊ နာမက္ခန္ဓာတို့နှင့် ရုပ်, နိဗ္ဗာန်တို့သည်ငှင်း ဝိသဘာဂဖြစ်ကြသည်။ ရုပ်တစိတ်, နိဗ္ဗာန်အား ကေပုဗ္ဗါဒ စသော ဝိသဘာဂမရှိ။ စတူဟိ ဝိပ္ပယောဂေါ်ဟု နာမက္ခန္ဓာတို့နှင့်သာ ဝိပ္ပယုတ်ဖြစ်သည်ကို ဟောတော်မူသည်။ ဤအကြောင်းတို့ကြောင့် ရုပ်သည် ရုပ်,နိဗ္ဗာန်နှင့်ငှင်း၊ နိဗ္ဗာန်သည် ရုပ်နှင့်ငှင်း သမ္ပယုတ် အဖြစ်ကို မြစ်သဖြင့် ဝိပ္ပယုတ်အဖြစ်ကိုလည်း မြစ်သည်ကိုမှတ်အပ်သည် ဖြစ်ဘိသော်။ ။ဤသို့ ဖွင့်ပြတော် မူသဖြင့် ရုပ်သည် ရုပ်,နိဗ္ဗာန်နှင့်ငှင်း၊ နိဗ္ဗာန်သည် ရုပ်နှင့်ငှင်း သမ္ပယုတ်,ဝိပ္ပယုတ်မဖြစ်ဟု သိအပ်၏။

## ၄၉—ဆဋ္ဌနယ၌ မဟောသောပုဒ်များကို ပြတော်မူခြင်း

သတ္တသု ဝိညာဏဓာတူသုံ ကောယပိ အဝိပ္ပယုတ္တောတိ ဣတ္တ၊ ၌။ (ဣတိ အဓိပ္ပါယောသို့ စပ်) ရူပဘဝေါ၊ သည်။ တီဟိ၊ သုံးပါးကုန်သော။ ဝိညာဏ ဓာတူဟိစ၊ ဃာနဝိညာဏဓာတ်, ဇိဝှါဝိညာဏဓာတ်, ကာယဝိညာဏဓာတ်တို့နှင့် ငှင်း။ နေဝ ဝိပါကာ နဝိပါကဓမ္မ ဓမ္မာ၊ တို့သည်။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဝိညာဏဓာတူဟိစ၊ စက္ခုဝိညာဏဓာတ် စသည်တို့နှင့်ငှင်း။ အဝိတက္က အဝိစာရာ၊ တို့သည်။ ကောယ၊ တခုသော။ ဓာတုယာစ၊ မနောဓာတ်နှင့်ငှင်း။(စ-ကြသည်) ဝိပ္ပယုတ္တော၊ ဝိပ္ပယုတ်ဖြစ်ကုန်သော။ အနာရမ္မဏာ မိဿကော၊ ရုပ်,နိဗ္ဗာန်နှင့်ရောကုန်သော။ ဓမ္မေ၊ တို့ကို။ ဒီပေန္တိယထာ၊ ပြကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အဒီပေတွာ၊ မပြမူ၍။ ကောယပိ၊ တခုသော ဝိညာဏဓာတ်နှင့်လည်း။ ဝိပ္ပယုတ္တော၊ ဝိပ္ပယုတ်တို့

သည်။ အဟောန္တေ၊ မဖြစ်ကုန်သော။ သတ္တပိ၊ ခုနစ်ပါးလည်းဖြစ်ကုန်သော။ တာဝ ါ၊ ထိုဝိညာဏဓာတ်တို့ကိုရှင်း။ သတ္တဟိပိ၊ ခုနစ်ပါးကုန်သော ဝိညာဏဓာတ်တို့နှင့်လည်း။ သမ္ပယုတ္တေ၊ သမ္ပယုတ်ဖြစ်ကုန်သော။ တာဝ ါ၊ ထိုဓာတ်တို့ကိုရှင်း။ ဒီပေန္တိ၊ ပြကုန်၏။ ဣတိ အဓိပ္ပါယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ အဝိပ္ပယုတ္တေတိ ဝစနံ၊ အဝိပ္ပယုတ္တေ—ဟူသောစကားကို။ ယေ၊ အကြင်တရားတို့သည်။ ဝိပ္ပယုတ္တာ၊ ဝိပ္ပယုတ်တို့သည်။ နဟောန္တိ၊ မဖြစ်ကုန်။ တေဓမ္မေ၊ ထိုဝိပ္ပယုတ် မဟုတ်ကုန်သော တရားတို့ကို။ ဣတိ၊ သို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟိယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ သမ္ပယုတ္တေ—သမ္ပယုတ္တေဝ၊ သမ္ပယုတ်ဖြစ်ကုန်သော တရားတို့ကိုသာလျှင်။ ဣတိ၊ သို့။ ဝုတ္တံ၊ သည်။ ဟိယသ္မာ၊ ကြောင့်။ နဟောတိ၊ မဖြစ်။ ဣတိတသ္မာ၊ကြောင့်။ ဣတိ အဓိပ္ပါယော၊ကို။ ဝေဒိတဗ္ဗော၊၏။ တေန၊ထိုဝိပ္ပယုတ်၏အဖြစ်ကို ပယ်သဖြင့်။ ဝ ါ၊ ကြောင့်။ယာနိဓမ္မာယတနာဒိ ပဒါနိ၊ အကြင်ဓမ္မာယတန စသောပုဒ်တို့သည်။ တာဟိ၊ ထိုဝိညာဏဓာတ်တို့နှင့်။ သမ္ပယုတ္တေ၊ သမ္ပယုတ်ဖြစ်ကုန်သော ဝေဒနာ အစရှိသည့်တို့ကို။ ဒီပေန္တိ၊ ပြကုန်၏။ ယာနိစ အစေတသိကာဒိ ပဒါနိ၊ အကြင် အစေတသိက-စသော ပုဒ်တို့သည်လည်း။ တာဟိ၊ ထိုဝိညာဏ ဓာတ်တို့နှင့်။ (လိုက်ပေး) သမ္ပယုတ္တ ဝိပ္ပယုတ္တ ဘာဝေဟိ၊ သမ္ပယုတ်၏အဖြစ်, ဝိပ္ပယုတ်၏အဖြစ် တို့ဖြင့်။ နဝတ္တဗ္ဗံ၊ မဟောအပ်သော သတ္တဝိညာဏဓာတ်ကို။ ဒီပေန္တိ၊ ပြကုန်၏။ ယာနိစ ဒုက္ခသစ္စာဒိ ပဒါနိ၊ အကြင် ဒုက္ခသစ္စ စသောပုဒ်တို့သည်လည်း။ တာဟိ၊ ထိုဝိညာဏဓာတ်တို့နှင့်။ သမ္ပယုတ္တ နံဝတ္တဗ္ဗာနိ၊ သမ္ပယုတ်၏အဖြစ်ဖြင့် မဟောအပ်ကုန်သော မတူသောသန္တာန်, မတူသောခဏ၌ ဖြစ်ကုန်သော နာမ်တရားတို့ကို။ ဒီပေန္တိ၊ န်၏။ သဗ္ဗေသံ၊ န်သော။ အနာရမ္မဏ မိဿကဓမ္မ ဒီပကာနံ၊ ရုပ်, နိဗ္ဗာန် တို့နှင့် ရောသောတရားကို ပြကုန်သော။ တေသံ၊ ထိုဓမ္မာယတနာဒိပဒ, အစေတသိကာဒိပဒ, ဒုက္ခသစ္စာဒိပဒတို့ကို။ အဂဟဏံ၊ မယူခြင်းကို။ ဝုတ္တံ၊ မိန့်အပ်သည်။ ဟောတိ၊ ၏။ အနာရမ္မဏ မိဿက သဗ္ဗဝိညာဏဓာတု တံသမ္ပယုတ္တ တဒုဘယ သမုဒါယာနံ၊ အနာရမ္မဏမိဿက,သဗ္ဗဝိညာဏဓာတု—ဟု ဆိုအပ်သော အစေတသိကာဒိပဒ, အနာရမ္မဏ မိဿက သဗ္ဗဝိညာဏဓာတုသမ္ပယုတ္တ–ဟု ဆိုအပ်သော ဓမ္မာယတနာဒိပဒ, အနာရမ္မဏ မိဿက သဗ္ဗဝိညာဏဓာတု, အနာရမ္မဏ မိဿက သဗ္ဗဝိညာဏဓာတု သမ္ပယုတ္တတို့၏ နှစ်ခုတို့၏ အပေါင်းဖြစ်ကုန်သော ဒုက္ခသစ္စာဒိ ပဒတို့၏။ ခန္ဓာယတန ဓာတူသု၊ ခန္ဓာ, အာယတန, ဓာတ်တို့တွင်။ ကေနစိ၊ တစုံ တခုနှင့်။ သမ္ပယောဂေါ ဝ ါ၊ သမ္ပယုတ်သည်ရှင်း။ ဝိပ္ပယောဂေါ ဝ ါ၊ ဝိပ္ပယုတ်သည် ရှင်း။ ဟိယသ္မာ၊ ကြောင့်။ နအတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ကြောင့်။ သဗ္ဗေသံ၊န်သော။ အနာရမ္မဏ မိဿက ဓမ္မဒီပကာနံ၊ န်သော။ တေသံ၊ တို့ကို။ အဂဟဏံ၊ ကို။ ဝုတ္တ ဘာဝေါ၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ (ပြန်ရှုစပ်)

ဂဏ္ဍိ။ ။အဓိပ္ပါယ်ကား- အင်္ဂကထ၌ သတ္တသု ဝိညာဏဓာတူသု ဧကာယပိ အဝိပ္ပယုတ္တေ-ဟူသောပါဠိ၌ အဝိပ္ပယုတ္တေ-ဟု မိန့်တော်မူသဖြင့် သမ္ပယုတ်ကိုသာ ယူရအံ့လော၊ အဘယ်အဓိပ္ပါယ်ကို သိရပါအံ့နည်းဟု စုဒ်ရှိရကား သတ္တသု ဝိညာဏဓာတူသု ။ပ။ အဓိပ္ပါယောကို မိန့်။ ။ယုံရင်းကား သတ္တသု ဝိညာဏဓာတူသု ဧကာယပိ အဝိပ္ပယုတ္တေတိ ဧကာယပိ ဝိပ္ပယုတ္တေ အဟောန္တွေ သတ္တဟိပိ သမ္ပယုတ္တေ သတ္တဝီဝါတိ ဒီပေန္တိ အဓိပ္ပါယော-တည်း။ ။အဓိပ္ပါယ်ကား၊ သတ္တသု ။ပ။ အဝိပ္ပယုတ္တေ-ဟူသောပါဠိ၌ တခုသော ဝိညာဏဓာတ်နှင့်လည်း ဝိပ္ပယုတ်မဖြစ်ကုန်သော အစေတသိကာဒိပဒ, ဒုက္ခသစ္စာဒိပဒ ဝိညာဏဓာတ်တို့ကိုရင်း၊ ခုနစ်ပါးကုန်သော ဝိညာဏဓာတ်တို့နှင့် သမ္ပယုတ်ဖြစ်ကုန်သော ဓမ္မာယတန ဓမ္မဓာတုပဒ-စသည်တို့ကိုရင်း ပြကုန်သော ဝိပ္ပယုတ်မဖြစ်သောတရားနှင့် သမ္ပယုတ်ဖြစ်သောတရားတို့ကို ယူလေ-ဟူသော အဓိပ္ပါယ်ကို သိရမည် ဖြစ်ဘိသော်။ ။(မဓုဋ္ဌီကာ အဓိပ္ပါယ်တမျိုး ယူတော်မူသည်)။ ။ယထာရူပဘာဝေါ ။ပ။ ဝေ အဒိပေတ္ဘာဖြင့် ဝိသဒိသူပမာကို ပြတော်မူသည်။ ။အရှင်ဋ္ဌီကာဆရာ- အင်္ဂကထာ၌ အဝိပ္ပယုတ္တေ-ဟု သာမညမိန့်ပါလျက် အဘယ်ကြောင့် ဝိပ္ပယုတ်မဖြစ်သောတရား, သမ္ပယုတ်ဖြစ်သောတရားဟူသော ဝိသေသအဓိပ္ပါယ်ကို မိန့်နိုင်ပါသနည်းဟု စုဒ်ရှိရကား အဝိပ္ပယုတ္တေတိဟိ ။ပ။ နသမ္ပယုတ္တေတိ-ကို မိန့်။ ။နသမ္ပယုတ္တေတိ-နသမ္ပယုတ္တေဝ၊ အနုဋ္ဌီကာ။ ။(အညတ္ထပေါဟန နည်းဖြင့်ကန့်သည်)။ ။အရှင်ဋ္ဌီကာဆရာ- ဤအဓိပ္ပါယ်ကို သိရသဖြင့် အဘယ်အကျိုးရှိပါသနည်းဟု စုဒ်ရှိရကား တေန ယာနိ ။ပ။ ဂုတ္တံ ဟောတိ-ကို မိန့်။ ။အဓိပ္ပါယ်ကား၊ ဤအဓိပ္ပါယ်ကို သိရသဖြင့် ဝိညာဏဓာတ်ခုနစ်ပါးတို့နှင့် သမ္ပယုတ်ဖြစ်ကုန်သော ဓမ္မာယတနာဒိပဒ, ထိုဝိညာဏဓာတ်တို့နှင့် သမ္ပယုတ် ဝိပ္ပယုတ် မဖြစ်ကုန်သော အစေတသိကာဒိပဒ, သမ္ပယုတ် မဖြစ်ကုန်သော ဒုက္ခသစ္စာဒိပဒတို့ကို ဤဆင္ဂနယ၌ မဟောသည်ကို ဆိုရခြင်း အကျိုးရှိသည် ဖြစ်ဘိသော်။ ။အရှင်ဋ္ဌီကာဆရာ- အဘယ်ကြောင့် ဓမ္မာယတနာဒိပဒ-စသည်တို့ကို ဤဆင္ဂနယ၌ မဟောပါသနည်းဟု စုဒ်ရှိရကား နဟိ အနာရမ္မဏ မိဿကံ ။ပ။ အတ္ထီတိ-ကို မိန့်။ ။အဓိပ္ပါယ်ကား၊ တစုံတခုသော ခန္ဓာ, အာယတန, ဓာတ်နှင့် သမ္ပယုတ် ဝိပ္ပယုတ် မဖြစ်သောကြောင့် ဤဆင္ဂနယ၌ မဟောသည် ဖြစ်ဘိသော်။ ။အနာရမ္မဏ မိဿက သဗ္ဗဝိညာဏဓာတုသမ္ပယုတ္တာ ဓမ္မာယတနာဒိပဒေဟိ ဒီပေတဗ္ဗာ။ အနာရမ္မဏ မိဿက သဗ္ဗဝိညာဏဓာတုယော အစေတသိကာဒိပဒေဟိ ဒီပေတဗ္ဗာ။ တဒုဘယ သမုဒါယာ ဒုက္ခသစ္စာဒိပဒေဟိ ဒီပေတဗ္ဗာတိ ဝေဒိတဗ္ဗာ။ ။အနုဋ္ဌီကာ။

အနာရမ္မဏ မိဿက သဗ္ဗဝိညာဏဓာတု တံသမ္ပယုတ္တ တဒုဘယသမုဒါယာနံ ရုပ်, နိဗ္ဗာန်နှင့်ရောသော အလုံးစုံသော ဝိညာဏဓာတ်၊ ထိုဝိညာဏဓာတ်နှင့် သမ္ပယုတ်ဖြစ်သော ဓမ္မာယတနာဒိပဒ, ထိုဝိညာဏဓာတ်, ဝိညာဏ သမ္ပယုတ္တခံမှ နှစ်ခု

အပေါင်းတို့၏။ (အနက်လွယ်အောင် ယောဇနာသည်) ခန္ဓာယတန ဓာတူသု၊ တို့တွင်။ ကေနစိ၊ နှင့်။ ဝိပ္ပယောဂေ၊ ဝိပ္ပယုတ်သည်။ ယဒိနတ္ထိ၊ အကယ်၍ မရှိသည် ဖြစ်အံ့။ (နောက်ကလိုက်၍ပေး) ဧဝံ၊ ဤသို့ ဝိပ္ပယုတ်အဖြစ်မရှိသော်။ ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တပဒ နိဒ္ဒေသေ၊ နိဒ္ဒေသ၌။ ကုသလေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာ၊တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာတိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ (ထည့်) နဝတ္တဗ္ဗံ၊ မဟောသင့်။ အကုသလာဗျာကတာ၊ ဣကုသိုလ်, အဗျာကတ တရားတို့သည်။ အနာရမ္မဏ မိဿောဘယဓမ္မာ၊ ရုပ်, နိဗ္ဗာန်နှင့်ရောသော အလုံးစုံသော ဝိညာဏ ဓာတ်, ထိုဝိညာဏဓာတ်နှင့် သမ္ပယုတ်ဖြစ်သော တရားဟူကုန်သော နှစ်ပါးကုန် သော တရားတို့သည်။ ဟိယသ္မာ၊ ကြောင့်။ ဟောန္တိ၊ န်၏။ ဣတိတသ္မာ၊ ကြောင့်။ ကုသလေဟိ ။ပ။ ဝိပ္ပယုတ္တာတိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ နဝတ္တဗ္ဗံ၊ မဟောသင့်။ ဣတိအယံ၊ ကား။ စောဒနာ၊ တည်း။ ကုသလေဟိ ။ပ။ ဝိပ္ပယုတ္တာတိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ န နဝတ္တဗ္ဗံ၊ ဟောသင့်သည်သာ။ ကသ္မာ၊ အဘယ်ကြောင့် ဟောသင့်သနည်းဟူမူ။ယထာဝုတ္တ သမုဒါယာနံ၊ အနာရမ္မဏမိဿက သဗ္ဗဝိညာဏ ဓာတု တံသမ္ပယုတ္တ တဒုဘယ သမုဒါယ ဟု ဆိုအပ်ကုန်သော အကြင်အကြင် ဆိုအပ်ပြီးကုန်သော တရားတို့၏။ ခန္ဓာဒီဟေဝ၊ ခန္ဓာ-စသည်တို့နှင့်သာလျှင်။ သမ္ပယောဂ ဝိပ္ပယောဂါဘာဝ ဝစနတော၊ သမ္ပယုတ်, ဝိပ္ပယုတ် မဖြစ်ခြင်းကို ဟောတော်မူခြင်းကြောင့်တည်း။ ခန္ဓာဒယော၊ ရူပက္ခန္ဓာ စသည်တို့သည်။တဒေက ဒေသာစ၊ အနာရမ္မဏမိဿက သဗ္ဗဝိညာဏဓာတု တံ သမ္ပယုတ္တ တဒုဘယ သမုဒါယ တို့၏ အစိတ်တို့သည်ဋင်း။ တဒေကဒေသည သမုဒါယာစ၊ ထိုသမုဒါယတို့၏အစိတ် ဖြစ်၍ တပ ါးသော ပထဝီ-စသော အစိတ်တို့၏ အပေါင်းတို့သည်ဋင်း။ ယေန၊ အကြင်ကြောင့်။ ဟောန္တိ၊ န်၏။ သမုဒါယေကဒေသာနဉ္စ၊ အပေါင်း,အစိတ်တို့၏ လည်း။ ဝိဘာဂါဘာဝတော၊ ခွဲခြမ်းဝေဘန်ခြင်း၏ မရှိခြင်းကြောင့်။ သဘာဂ ဝိသဘာဂတာ၊ သဘာဂ၏အဖြစ်, ဝိသဘာဂ၏အဖြစ်သည်။ ယေန၊ ကြောင့်။ နအတ္ထိ၊ မရှိ။ တေန၊ ထိုသို့ တဒေကဒေသ,တဒေကဒေသည သမုဒါယတို့၏အဖြစ်၊ သမုဒါယ ကေဒေသတို့၏ သဘာဂ ဝိသဘာဂ မရှိခြင်းကြောင့်။ (ဟိတ်နှစ်ခုကိုစွဲ) တေသံ၊ ထိုအနာရမ္မဏ မိဿက သဗ္ဗဝိညာဏဓာတု တံသမ္ပယုတ္တ တဒုဘယ သမုဒါ ယတို့၏။ခန္ဓာဒီဟိ၊ခန္ဓာ စသည်တို့နှင့်။သမ္ပယောဂ ဝိပ္ပယောဂါဘာဝေါ၊သမ္ပယုတ်, ဝိပ္ပယုတ်၏ မရှိခြင်းသည်။ ဟိယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ (ဗျတိရေကဟောဟု)

ပန၊ ဗျတိရေကမှတပါး အနွယကိုဆိုအံ့။ ကုသလာ၊ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ တို့ကို။ အကုသလာဗျာကတေဟိ၊ အကုသိုလ်တရား,အဗျာကတ တရားတို့မှ။ ယသ္မာ၊ ကြောင့်။ ဝိဘတ္တာ၊ ဝေဘန်အပ်ကုန်၏။ တေစ၊ ထိုအကုသိုလ်တရား, အဗျာကတ တရားတို့ကိုလည်း။ ကုသလေဟိ၊ ကုသိုလ်တရားတို့မှ။ ယသ္မာ၊ကြောင့်။

ဝိဘတ္တာ၊ နှ်၏။ တေသံ၊ ထိုကုသိုလ်, အကုသိုလ်, အဗျာကတ တရားတို့၏။ သမုဒါယေကဒေသဘာဝေါ၊ အနာရမ္မဏမိဿက သဗ္ဗဝိညာဏဓာတု တံသမ္ပယုတ္တ တဒုဘယ သမုဒါယတို့၏ အစိတ်၏အဖြစ်သည်ငှင်း။ တဒေကဒေသသည သမုဒါယဘာဝေါ၊ ထိုသမုဒါယတို့၏ အစိတ်ဖြစ်၍ တပါးသော ပထဝီ-စသော အစိတ်တို့၏ အပေါင်း၏ အဖြစ်သည်ငှင်း။ ယသ္မာ၊ ကြောင့်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုသို့ ကုသိုလ်တရားတို့ကို အကုသိုလ်,အဗျာကတ တရားတို့မှ အသီးအခြား ဝေဘန်အပ်သည်၏အဖြစ်၊ အကုသိုလ်, အဗျာကတ တရားတို့ကိုလည်း ကုသိုလ်တရားတို့မှ အသီးအခြား ဝေဘန်အပ်သည်၏အဖြစ်၊ ထိုကုသိုလ်,အကုသိုလ်,အဗျာကတ တရားတို့၏ သမုဒါယေကဒေသ၏အဖြစ်၊ တဒေကဒေသသည သမုဒါယ၏အဖြစ် မရှိခြင်းကြောင့်။ (ဟိတ်သုံးချက်ကိုစွဲ) ခန္ဓာဒီနိ၊ ခန္ဓာ စသည်တို့ကို။ အနာမသိတွာ၊ မသုံးသပ်မူ၍။ ဝိပ္ပယုတ္တတာ မတ္တေန၊ ဝိပ္ပယုတ်၏အဖြစ်မျှဖြင့်။ ယထာ နိဒ္ဒါရိတ ဓမ္မဒဿနေ၊အကြင်အကြင် ကုသလဓမ္မ အကုလလဓမ္မ အဗျာကတဓမ္မဟု ထုတ်ဖေါ်ဟောကြားအပ်သော တရားတို့ကိုပြရာ၌။ ကုသလေဟိ၊တို့မှ။ ဣတရေသဥ္စ၊ တပါးကုန်သော အကုသိုလ်, အဗျာကတ တရားတို့၏ငှင်း။ ဣတရေဟိ၊ ကုသိုလ်မှတပါးကုန်သော အကုသိုလ်, အဗျာကတ တရားတို့မှ။ ကုသလာနဥ္စ၊ တို့၏ငှင်း။ ဝိသဘာဂတာ သဗ္ဘာဝတော၊ ဝိသဘာဂ အဖြစ်ရှိခြင်းကြောင့်။ ဝိပ္ပယောဂေ၊ ဝိပ္ပယုတ်သည်။ ယသ္မာ၊ ကြောင့်။ န နဟောတိ၊ ဖြစ်သည်သာတည်း။ ဣတိတသ္မာ၊ ထိုသို့ ဝိပ္ပယုတ်အဖြစ် ရှိခြင်းကြောင့်။ တေသံ၊ ထိုကုသိုလ် စသည်တို့၏။ အညမည ဝိပ္ပယုတ္တတာ၊အချင်းချင်း ဝိပ္ပယုတ်၏အဖြစ်ကို။ဟိယသ္မာ၊ကြောင့်။ဝုတ္တာ၊ဟောတော်မူအပ်၏။ (အန္ဒယဟေတု) တသ္မာ၊ ထိုသို့ အနာရမ္မဏမိဿက သဗ္ဗဝိညာဏဓာတု တံသမ္ပယုတ္တ တဒုဘယ သမုဒါယတို့၏ ခန္ဓာ စသည်တို့နှင့် သမ္ပယုတ်, ဝိပ္ပယုတ် မရှိသည်၏အဖြစ်၊ ကုသိုလ်, အကုသိုလ်, အဗျာကတတို့၏ အချင်းချင်း ဝိပ္ပယုတ်၏အဖြစ်ကြောင့်။ (ဗျတိရေက-အန္ဒယဟိတ်နှစ်ခုကိုစွဲ) ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တပဒ နိဒ္ဒေသေ၊ ၌။ ကုသလေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာတိ၊ ဟူ၍။ န နဝတ္တဗ္ဗံ၊ ဟောသင့်သည်သာတည်း။ (ပဋိညာသို့စပ်)ဣတိ၊ ဤသည်ကား။ပရိဟာရော၊အဖြေတည်း။ (ထည့်) သဗ္ဗေသု၊ကုန်သော။ဧဝရူပေသု၊ ဤသို့ သဘောရှိကုန်သော ဒုတိယပုစ္ဆာ-စသည်တို့၌။ ဧသ နယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။

ဂါထာ။ ။အနာရမ္မဏမိဿက သဗ္ဗဝိညာဏဓာတု တံသမ္ပယုတ္တ။ပ။အတ္ထီတိ ဟူသောပါဠိဖြင့် အနာရမ္မဏမိဿက သဗ္ဗဝိညာဏဓာတု-ဟုဆိုအပ်သော အဇ္ဈတ္တိကာဒိပဒ, အနာရမ္မဏမိဿက သဗ္ဗဝိညာဏ ဓာတု တံသမ္ပယုတ္တ-ဟု ဆိုအပ်သော ဓမ္မာယတနာဒိပဒ, တဒုဘယ သမုဒါယ-ဟု ဆိုအပ်သော ဒုက္ခသစ္စာဒိ ပဒတို့၏ တစုံတခုသော ခန္ဓာ, အာယတန,ဓာတ်နှင့် သမ္ပယုတ်, ဝိပ္ပယုတ် မဖြစ်ဟု မိန့်အပ်

သည်ကို မနှစ်သက်သောကြောင့် စောဒနာလိုသော စောဒက ဆရာသည် ယဒိဝေ ။ပ။နဝတ္တဗ္ဗံကို မိန့်။ ။**အဓိပ္ပါယ်ကား၊** အနာရမ္မဏ ။ပ။ တဒုဘယ သမုဒါယ တို့၏ တစုံတခုသော ခန္ဓာ စသည်နှင့် ဝိပ္ပယုတ်အဖြစ် မရှိငြားအံ့၊ ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တပဒ နိဒ္ဒေသ၌ ကုသလေဟိ ။ပ။ ဝိပ္ပယုတ္တာ-ဟု မဟောသင့်ဟု စောဒနာ သည်။ ။အဘယ်ကြောင့် မဟောသင့်ပါသနည်း။ စုဒ်။ ။အကုသလာဗျာ ကတာဟိ။ပ။ဓမ္မာတိ-ကို မိန့်။ ။**အဓိပ္ပါယ်ကား၊** အကုသိုလ်,အဗျာကတ တရား တို့သည် တဒုဘယ သမုဒါယ တရားများ ဖြစ်သဖြင့် ဝိပ္ပယုတ် မရှိခြင်းကြောင့် မဟောသင့် ဖြစ်ဘိသော်။ ။ထိုစောဒနာကို ဖြေလိုရကား န-ဟူသော ပဋိသေဓကို မိန့်တော်မူ၏။ ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တပဒ နိဒ္ဒေသေ ကုသလေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာတိ န,နဝတ္တဗ္ဗံ-ဟု အဖြေဖြစ်သော ပဋိညာဝါကျကို ဖေါ်။ ။**အဓိပ္ပါယ်ကား၊** ဝိပ္ပယုတ္တေန ဝိပ္ပယုတ္တပဒ နိဒ္ဒေသ၌ ကုသလေဟိ။ပ။ဝိပ္ပယုတ္တာ-ဟု ဟောသင့်သည် ဖြစ်ဘိသော်။ ။အဘယ်ကြောင့် ဟောသင့်ပါသနည်း။ စုဒ်။ ။ယထာဝုတ္တ သမုဒါယာနံ။ပ။ဝစနတောကို မိန့်။ ။ **အဓိပ္ပါယ်ကား၊** အနာရမ္မဏ မိဿက။ပ။တဒုဘယ သမုဒါယ ဖြစ်ကုန်သော အ စေတသိကာဒိပဒ, ဓမ္မာယတနာဒိပဒ, ဒုက္ခသစ္စာဒိပဒ တို့၏ ခန္ဓာ, အာယတန, ဓာတ်တို့နှင့်သာ သမ္ပယုတ်, ဝိပ္ပယုတ် မရှိခြင်းကိုသာ ဆိုသည်။ ကုသလဓမ္မ စသည် တို့၏ အချင်းချင်း သမ္ပယုတ်, ဝိပ္ပယုတ် မရှိသည် မဆိုသောကြောင့် ကုသလေဟိ ။ပ။ဝိပ္ပယုတ္တာ-ဟု ဟောသင့်သည် ဖြစ်ဘိသော်။ ။ယထာဝုတ္တ သမုဒါယာနံ။ပ။ ဝစနတော-ဟူသော သဒ္ဒေပဟေတု ဝါကျကို ဗျတိရေက အနွယဟေတု တို့ဖြင့် ဝိတ္ထာရချဲ့၍ ပြတော်မူလိုရကား ခန္ဓာဒယောဟိ။ပ။ဝိပ္ပယုတ္တတာ ဝုတ္တာ-ကို မိန့်။ ။ (ဟေတုနောက်မှ၊ ဟိနှင့်ပြ၊ ချဲ့မှသည်၊ ဝိတ္ထာပြီ။ နိယံ) [အဓိပ္ပါယ်သိသင့်ပြီ]

ခန္ဓာဒီဟေဝ ါတိ ခန္ဓာယတန ဓာတူဟိဝေ၊န အရူပက္ခန္ဓမတ္တေန။အရူပက္ခန္ဓေ ယေဝပန သန္ဓာယ တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာတိ ဝုတ္တန္တိ နာယံဒေါသော တိ ဒဿေတိ။ ။အနုဋီက: ။ ။ခန္ဓာဒီဟေဝ ါတိ၊ ကား။ ခန္ဓာယတန ဓာတူဟိ ဝေ၊ ခန္ဓာ,အာယတန,ဓာတ်တို့နှင့်သာလျှင်။ သမ္ပယောဂ ဝိပ္ပယောဂါဘာဝ ဝစနံ တော၊ သမ္ပယုတ်,ဝိပ္ပယုတ်၏ မရှိခြင်းကို ဟောတော်မူခြင်းကြောင့်။ န,နဝတ္တဗ္ဗံ၊ ဟောသင့်သည်သာတည်း။ အရူပက္ခန္ဓ မတ္တေန၊ နာမက္ခန္ဓာမျှနှင့်။ သမ္ပယောဂ ဝိပ္ပယောဂါဘာဝ ဝစနတော၊ သမ္ပယုတ်, ဝိပ္ပယုတ်၏ မရှိခြင်းကို ဟောတော်မူခြင်း ကြောင့်။ န၊ သမ္ပယုတ်,ဝိပ္ပယုတ် မရှိသည်မဟုတ်။ ပန၊ သမ္ပယုတ်,ဝိပ္ပယုတ်မရှိသည် မှတပါး ရှိသည်ကိုဆိုအံ့။ အရူပက္ခန္ဓေယေဝ၊ နာမက္ခန္ဓာတို့ကိုသာလျှင်။ သန္ဓာယ၊ ၍။ တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဝုတ္တေ၊ အဖြေကို ဆိုအပ်သည်ရှိသော်။ အယံဒေါသော၊ ဤဝိပ္ပယုတ္တာ-ဟု ဟောတော်မူ သော အပြစ်သည်။ နအတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ဒဿေတိ၊ ၏။ (ထည့်၍ယောဇနာ

သည်)။ **အဓိပ္ပါယ်ကား၊** ယထာဝုတ္တ သမုဒါယစမ္မတို့၏ ခန္ဓာငါးပါး စသည်တို့နှင့်သာ သမ္ပယုတ်,ဝိပ္ပယုတ် မရှိသည်ကို ဟောတော်မူသည်။ နာမက္ခန္ဓာ လေးပါးတို့နှင့်ကား သမ္ပယုတ်, ဝိပ္ပယုတ် ရှိသောကြောင့် နာမက္ခန္ဓာတို့ကိုရည်၍ ကုသလေဟိ။ပ။ဝိပ္ပယုတ္တာ-ဟု ဟောတော်မူသည်ဟု ဖြေလျှင် အပြစ်မရှိဟု ပြဘော်မူသည်ဟု မိန့်တော်မူ၏။

ယသ္မာပန ကုသလာဒယောစ ခန္ဓာဒယောတိ ခန္ဓာဒိ အာမသနေန သမုဒါယေကဒေသာဒိဘာဝေါ အာပန္နောစေါတိ ဝုတ္တနယေန ဝိပ္ပယောဂါ ဘာဝေါ ဟောတိ၊ တသ္မာ တံပရိဟရန္တော ခန္ဓာဒိနိ အနာမသိတွာတိ အာဒိမာဟ။ ။ **အနုဋီကာ။** ။ကုသလာဒယောစ၊ ကုသိုလ် စသည်တို့သည် သာလျှင်။ ခန္ဓာဒယော၊ ခန္ဓာ စသည်တို့သည်။ ဟောန္တိ၊ နိ၏။ ဣတိတသ္မာ၊ ကြောင့်။ ခန္ဓာဒိ အာမသနေန၊ ခန္ဓာ စသည်တို့ကို သုံးသပ်သဖြင့်။ သမုဒါယေကဒေသာဒိဘာဝေါ၊ အပေါင်း,အစိတ် စသည်၏ အဖြစ်သည်။ အာပန္နောစေါ၊ ဖြစ်သည် သာလျှင်။ ဟောတိ၊ ၏။ ဣတိတသ္မာ၊ ထိုသို့အပေါင်း,အစိတ် ဖြစ်ခြင်းကြောင့်။ ဝုတ္တနယေန၊ ဆိုအပ်ပြီးသော နည်းဖြင့်။ ဝိပ္ပယောဂါ ဘာဝေါ၊ ဝိပ္ပယုတ် မရှိသည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ တသ္မာ၊ ထိုသို့ ဝိပ္ပယုတ် မရှိခြင်းကြောင့်။ တံ၊ ထိုဝိပ္ပယုတ် မရှိသည်ကို။ ပရိဟရန္တော၊ ပယ်လိုသော ဋီကာ ဆရာသည်။ ခန္ဓာဒိနိ အနာမသိတွာတိအာဒိံ၊ ကို။ အာဟ၊ မိန့်တော်မူပြီ။

## ၅၀—ဥဒါနဂါထာကို ပြင်တော်မူခြင်း

ပန၊ပါဠိတော်၏အဓိပ္ပါယ်မှတပါး ဥဒါနဂါထာကိုဆိုအံ့။ ဥဒါနေ၊ဥဒါန်းဂါထာ၌။ အဋ္ဌာရသ တတော ပရေတိ ဣဒံ၊ ကို။ သောဠသာတိ၊သောဠသဟူ၍။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ တေဝီသန္တိ ဣဒဉ္စ၊ တေဝီသံ-ဟူသော ဤစကားကိုလည်း။ ကေဝီသန္တိ၊ ဟူ၍။ ဝတ္တဗ္ဗံ၊ ၏။

ဆတ္တိံသာယ ပိဋ္ဌိဒုကပဒေသု ဝီသတိဒုကပဒါနိ လှမသိံနယေ လဗ္ဘန္တိ။ အဝသိဋ္ဌာနိ သောဠသေဝါတိ အာဟ သောဠသာတိ ဝတ္တဗ္ဗန္တိ။ တတောစေ တေဝီသပဒသတန္တိတ္ထေ တေဝီသန္တိ ဣဒဉ္စ ကေဝီသန္တိ ဝတ္တဗ္ဗန္တိ ယောဇနာ။ ။ **အနုဋီကာ။** ။ဆတ္တိံသာယ ပိဋ္ဌိဒုကပဒေသု၊ ပိဋ္ဌိဒုက်သုံးဆယ့်ခြောက်ပုဒ်တို့တွင်။ ဝီသတိ ဒုကပဒါနိ၊ နှစ်ဆယ်ကုန်သောဒုက်ပုဒ်တို့ကို။ လှမသိံနယေ၊ ဤဆဋ္ဌနယ၌။ လဗ္ဘန္တိ၊ နိ၏။ သောဠသေဝ၊ တဆယ့်ခြောက်ပုဒ်တို့သည်သာလျှင်။ အဝသိဋ္ဌာနိ၊ ကြွင်းကုန်သည်။ ယသ္မာ၊ ကြောင့်။ ဟောန္တိ၊ နိ၏။ ဣတိတသ္မာ၊ ကြောင့်။ သောဠသာတိ ဝတ္တဗ္ဗန္တိ၊ ဟူ၍။ အာဟ၊ ၏။ တတောစေ၊ ထိုကြောင့်သာလျှင်။ တေဝီသာပဒသတန္တိတ္ထေ၊ တေဝီသ ပဒသတံ-ဟူသောပါဠိ၌။ တေဝီသန္တိ ဣဒဉ္စ၊ တေဝီသံ·

ဟူသော ဤစကားကိုလည်း။ ဧကာဒိသန္တိ၊ ဟူ၍၊ ဝုတ္တံ၊ ၏။ ဝုတ္တိအယံ၊ ကား။ ယောဇနာ၊ တည်း။

## ၅၁—ဧကေဟိဝိသမ္ပယုတ္တံ ဧကေဟိဝိပ္ပယုတ္တံ-ဟု ဟောတော်မူခြင်းအကြောင်း

စ၊ ဆက်၍ဆိုဦးအံ့။ သဗ္ဗတ္ထ၊ အလုံးစုံကုန်သော ပဥှာတို့၌။ကာလ သန္တာန ဘေဒရဟိတာရဟိတ ဗဟုဓမ္မာသမောဓာနာနံ၊ တူသောကာလ, တူသောသန္တာန်, မတူသောကာလ, မတူသောသန္တာန်ရှိကုန်သော များစွာကုန်သော တရားတို့၏ အပေါင်းဖြစ်ကုန်သော။ (အင်ပ္ပါယတ္ထ) ဝါ၊ ကာလသန္တာန်အပြားမှ ကင်းကုန်သော များစွာကုန်သော တရားအပေါင်း,ကာလသန္တာန်အပြားမှ ကင်းကုန်သော များစွာကုန်သော တရားအပေါင်းဖြစ်ကုန်သော။(သဒ္ဒတ္ထ)သင်္ခါရက္ခန္ဓ မ္မာယတန ဓမ္မဓာတူနံ၊ သင်္ခါရက္ခန္ဓာ, ဓမ္မာယတန, ဓမ္မဓာတ်တို့၏။ ဧကဒေသာ၊ အစိတ်ဖြစ်ကုန်သော။ သမာနကာလ သန္တာနေဟိစ၊ တူသောကာလ, တူသောသန္တာန်တို့ဖြင့်ရင်း။ ဧကဒေသန္တရေဟိစ၊ သင်္ခါရက္ခန္ဓာ စသည်တို့၏ အစိတ်အထူးဖြစ်၍ ဖြစ်ကုန်သော သတိပဋ္ဌာန်, သမ္မပ္ပဓာန်, သင်္ခါရက္ခန္ဓာ စသည်တို့ဖြင့်ရင်း။ ဝိဘတ္တာဝေ၊ ဝေဘန်အပ်သည်သာလျှင် ဖြစ်ကုန်သော။ သမုဒယသစ္စ ဝေဒနာက္ခန္ဓာဒယောစ၊ သမုဒယသစ္စာ, ဝေဒနာက္ခန္ဓာ စသည်တို့ကိုရင်း။ (ဂဟိတာသို့စပ်) ဧကဒေသ သမ္ပိဿာစ၊ စိတ္တိဒ္ဓိပါဒ် စသော ခန္ဓာတပါးနှင့် ရောသည်လည်း ဖြစ်ကုန်သော။ အနာရမ္မဏေဟိ၊ရုပ်, နိဗ္ဗာန်တို့နှင့်။ အသမ္ပိဿာစ၊ မရောသည်လည်းဖြစ်ကုန်သော။ ဣဒ္ဓိပါဒါဒယောစ၊ ဣဒ္ဓိပါဒ စသော တရားတို့ကိုရင်း။(သမ္ပယောဂီဘာဝေနသို့စပ်) သာရမ္မဏေဟိ၊ စိတ်, စေတသိက်တို့နှင့်။ အသမ္ပိဿာ၊ မရောကုန်သော။ ရူပက္ခန္ဓာဒယောစ၊ ရူပက္ခန္ဓာ စသည်တို့ကိုရင်း။ (ဝိပ္ပယောဂီဘာဝေနသို့စပ်) သမ္ပယောဂီ ဝိပ္ပယောဂီဘာဝေန၊ ယှဉ်ခြင်းရှိသည် ယှဉ်ခြင်းမရှိသည်၏အဖြစ်ဖြင့်။ ယသ္မာ၊ ငေ့်။ ဂဟိတာ၊ ယူအပ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ သမုဒယသစ္စာ ဝေဒနာက္ခန္ဓာ စသော တရား, ဣဒ္ဓိပါဒ စသော တရားတို့ကို သမ္ပယောဂီအဖြစ်ဖြင့် ယူအပ်သည်၏အဖြစ်၊ ရူပက္ခန္ဓာ စသည်တို့ကို ဝိပ္ပယောဂီအဖြစ်ဖြင့် ယူအပ်သည်၏အဖြစ်ကြောင့်။ဝိဘတ္တေ ဟိ၊ ဝေဘန်အပ်ကုန်သော။ ဧကေဟိ၊ အချို့ကုန်သော။ သဟုပ္ပဇ္ဇနာရဟေဟိ၊ အတူတကွ ဖြစ်ထိုက်ကုန်သော။ (ထည့်) ဧကဒေသန္တရေဟိ၊ အစိတ်အထူးဖြစ်ကုန် သော။ တေဟိ၊ထိုသမုဒယသစ္စာ စသည်တို့နှင့်။တေ၊ထိုသညာက္ခန္ဓာ စသည်တို့သည်။ ယထာယောဂံ၊ ယှဉ်သင့်သည်အားလျော်စွာ။ သမ္ပယောဂဋ္ဌ၊ သမ္ပယုတ်ကိုရင်း။ ဝိပ္ပယောဂဋ္ဌ၊ ဝိပ္ပယုတ်ကိုရင်း။ ယေန၊ ကြောင့်။ လဘန္တိ၊ နိ၏။ (တေနသို့စပ်) တေသံ၊ ထိုဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ စသည်တို့၏။ ဧကုပ္ပါဒါဒိတာ၊ ဧကုပ္ပါဒ စသည်တို့၏ အဖြစ်ဟု ဆိုအပ်သော။ သဘာဂတာစ၊ သဘာဂ၏အဖြစ်သည်ရင်း။ ဝိသဘာဂတာစ၊ ဝိသဘာဂ၏အဖြစ်သည်ရင်း။ ဟိယသ္မာ၊ ကြောင့်။ အတ္ထိ၊ ၏။

ဟ္တတိတသ္မာ၊ ထိုသို့ သဘာဂ ဝိသဘာဂအဖြစ် ရှိခြင်းကြောင့်။ သမ္ပယောဂဥ္စ၊ ကိုရင်း။ ဝိပ္ပယောဂဥ္စ၊ ကိုရင်း။ လဘန္တိ၊ န်၏။ (ဖိုလ်သိုစပ်) တေန၊ ထိုသို့ သမ္ပယောဂ ဝိပ္ပယောဂကို ရခြင်းကြောင့်။ (ဟိုတ်၏ဖိုလ်ကိုစွဲ) တတ္ထတတ္ထ၊ ထိုထိုပဋ္ဌာတို့၌။ ကေနစိ ခန္ဓေန ကေနာယဘနေန ကောယဓာတုယာ ကေဟိစိ သမ္ပယုတ္တန္တိစ၊ ကေန် ခန္ဓေန ॥ပ॥ ယုတ္တံ-ဟူ၍ရင်း။ ကေနာယတနေန ကေါ်ယဓာတုယာ ကေဟိစိ ဝိပ္ပယုတ္တန္တိစ၊ ကေနာယတနေန॥ပ॥ယုတ္တံ-ဟူ၍ရင်း။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဂဏ္ဌိ။ ॥ယခုအခါ ကုသလေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာ-ဟု ဟောတော်မူအပ်သော ပါဠိတော်၌ ဝိပ္ပယုတ်ဖြစ်ခြင်း၏အကြောင်းကို ပြတော်မူပြီး၍ ထိုထိုသို့သော ပဋ္ဌာဝါရတို့၌ ကေနစိ ခန္ဓေန ॥ပ॥ ကေဟိစိ သမ္ပယုတ္တံ-ဟူ၍ရင်း။ ကေနာယတနေန ॥ပ॥ ကေဟိစိ ဝိပ္ပယုတ္တံ-ဟူ၍ရင်း ဟောတော်မူခြင်း၏အကြောင်းကို ပြတော်မူလိုရကား သဗ္ဗတ္ထစ ॥ပ॥ ဝိပ္ပယုတ္တန္တိ ဝုတ္တံ-ကို မိန့်။ ॥ပိဏ္ဍတ္ထအဓိပ္ပါယ်ကား၊ အလုံးစုံကုန်သော ပဋ္ဌာတို့၌ ပစ္စုပ္ပန်-စသောကာလ၊ အဇ္ဈတ္တ-ဗဟိဒ္ဓသန္တာန်အားဖြင့် တူကုန် မတူကုန်သော သခါရက္ခန္ဓာ, ဓမ္မာယတန, ဓမ္မဓာတ်တို့၏ အစိတ်ဖြစ်ကုန်သော သမုဒယသစ္စာ ဝေဒနာက္ခန္ဓာ စသောတရား, ဣန္ဒြိယဒ စသောတရား,ရူပက္ခန္ဓာ စသောတရားတို့ကို ကာလတူ, သန္တာန်တူတို့ဖြင့်ရင်း၊ သတိပဋ္ဌာန်, သမ္မပ္ပဓာန်, သညာက္ခန္ဓာ စသော အစိတ်တို့ဖြင့်ရင်း ဝေဘန်ပိုင်းခြားလျက် သမုဒယသစ္စာ စသည်တို့ကို သမ္ပယောဂီ၏အဖြစ်ဖြင့်ရင်း၊ ရူပက္ခန္ဓာ စသည်တို့ကို ဝိပ္ပယောဂီ၏အဖြစ်ဖြင့်ရင်း ယူအပ်သောငှါ အစိတ်အထူးဖြစ်ကုန်သော သမုဒယသစ္စာ စသည်တို့နှင့် အတူတကွဖြစ်ကုန်သော သညာက္ခန္ဓာ စသည်တို့သည် သမ္ပယုတ်, ဝိပ္ပယုတ်ဖြစ်ကြသောကြောင့် ထိုထိုသို့သော ပဋ္ဌာတို့၌ ကေနစိ ခန္ဓေန॥ပ॥သမ္ပယုတ္တံ-ဟူ၍ရင်း၊ ကေနာယတနေန॥ပ॥ဝိပ္ပယုတ္တံ-ဟူ၍ရင်း ဟောတော်မူသည်ဟု ဖွင့်ပြတော်မူသည်။ ॥ကေဒေသ သမ္ဘိဿာတိ စိတ္တိဒ္ဓိပါဒါဒိနာ အတ္တနော ဧကဒေသေနေဝ ခန္ဓန္တရာဒီဟိ သမ္ဘိဿာ ဣဒ္ဓိပါဒါဒယော။ ॥အနုဋီကာ။ ॥ကေဒေသ သမ္ဘိဿာတိ၊ ကား။ စိတ္တိဒ္ဓိပါဒါဒိနာ၊ စိတ္တိဒ္ဓိပါဒ် အစရှိသော။ အတ္တနော၊ မိမိဟုဆိုအပ်သော ဣဒ္ဓိပါဒ်၏။ ကေဒေသေနေဝ၊ အစိတ်သာလျှင်ဖြစ်သော။ ခန္ဓန္တရာဒီဟိ၊ ဝိညာဏက္ခန္ဓာ စသော ခန္ဓာတပါး စသည်တို့နှင့်။ သမ္ဘိဿာ၊ ရောကုန်သော။ ဣဒ္ဓိပါဒါဒယော၊ ဣဒ္ဓိပါဒ် စသည်တို့ကို။ တေန ယထာဝုတ္တကာရဏေန သမ္ပယောဂဿ ဝိပ္ပယောဂဿစ လဘနတော။ ॥ အနုဋီကာ။

### ၅၂—သုခိန္ဒြေစသည်တို့ကို ကေဟိစိဝိပ္ပယုတ္တံဟု မဟောခြင်း၏အကြောင်း

ပန၊ ကေဟိစိ ဝိပ္ပယုတ္တံဟု ဟောတော်မူခြင်း၏အကြောင်းမှတပါး မဟောခြင်း၏အကြောင်းကိုဆိုအံ့။ ဘိန္နကာလ သမုဒါယာဝေ၊ ကာလ မတူသောအားဖြင့်

ဖြစ်ကုန်သော အစိတ်တို့၏ အပေါင်းသာလျှင် ဖြစ်ကုန်သော။ ဝေဒနာ သညာ ဝိညာဏက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ဝတ္တမာနာစ၊ တခုသောကာလ၌ ဖြစ်ကုန်သော်လည်း။ ဧကေက ဓမ္မာဝေ၊ တခုတခုစီဖြစ်သော တရားတို့သည်သာလျှင်။ ယသ္မာ၊ ကြောင့်။ ဟောန္တိ၊ န်၏။ တသ္မာ၊ ထိုသို့ တခုစီ သာလျှင်ဖြစ်သောကြောင့်။ တေသံ၊ထိုဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, ဝိညာဏက္ခန္ဓာ တို့၏။ သမာန ကာလဿ၊ ကာလတူဖြစ်သော။ ဝိဘဇိတဗ္ဗဿ၊ ခွဲခြမ်းဝေဘန်အပ် သောတရား၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ သုခိန္ဒြိယာဒီနိ၊ သုခိန္ဒြေ စသည် တို့သည်။ ဝေဒနာက္ခန္ဓဿ၊ ဝေဒနာက္ခန္ဓာအား။ ဝါ၊ ကို။ ဝိဘာဂံ၊ သမ္ပယုတ္တအဖြစ် ဝိပ္ပယုတ္တအဖြစ်ဖြင့် ခွဲခြမ်းဝေဘန်ခြင်းကို။ ယေန၊ ကြောင့်။ နကရောန္တိ၊ မပြုကုန်။ စက္ခုဝိညာဏ ဓာတာဒယော စ၊ စက္ခုဝိညာဏဓာတ် စသည်တို့သည်လည်း။ ဝိညာ ဏက္ခန္ဓဿ စ၊ ဝိညာဏက္ခန္ဓာအားငှင်း။ ဝါ၊ ကိုငှင်း။ မနာယတနဿ စ၊ မနာယတန အားငှင်း။ ဝါ၊ ကိုငှင်း။ ဝိဘာဂံ၊ ကို။ ယေန၊ ကြောင့်။ နကရောန္တိ၊ မပြုကုန်။ တေန၊ ထိုသို့ သမ္ပယုတ္တ ဝိပ္ပယုတ္တဟု ခွဲခြမ်း ဝေဘန်ခြင်းကို မပြုသောကြောင့်။ သုခိန္ဒြိယံ ဧကေန ခန္ဓေန ကေဟိစိ ဝိပ္ပယုတ္တန္တိ စ၊ သုခိန္ဒြိယံ ။ပ။ ဝိပ္ပယုတ္တံ-ဟူ၍ငှင်း။ စက္ခုဝိညာဏဓာတု ဧကေန ခန္ဓေန ဧကေနာယတနေန ကေဟိစိ ဝိပ္ပယုတ္တာတိ စ၊ စက္ခုဝိညာဏဓာတု။ပ။ ဝိပ္ပယုတ္တာ-ဟူ၍ငှင်း။ဝေမာဒိ၊ဤသို့စသည်ကို။ ဘဂဝတာ၊ သည်။ နဝုတ္တံ၊ ဟောတော်မမူ။

ဂဏ္ဌိ။ ။ပစ္စုပ္ပန်, အတိတ်, အနာဂတ်ကာလတို့၌ ဖြစ်ကုန်သော ဝေဒနာ တို့ကိုပေါင်း၍ ဝေဒနာက္ခန္ဓာဟု ဟောတော်မူသည်။ ထိုဝေဒနာက္ခန္ဓာသည် တခု သောသန္တာန် တခုသောကာလ၌ တခုသာလျှင်ဖြစ်သောကြောင့် ကာလတူ ခွဲခြမ်း ဝေဘန်အပ်သော ဝေဒနာတပါး၏ မရှိခြင်းကြောင့် သုခိန္ဒြေ, ဒုက္ခိန္ဒြေ-စသည်တို့ သည် ဝေဒနာက္ခန္ဓာကို ခွဲခြမ်းဝေဘန်ခြင်းကို မပြုကုန်။ ထိုအတူ စက္ခုဝိညာဏဓာတ် စသည်တို့သည်လည်း ဝိညာဏက္ခန္ဓာကိုငှင်း၊ မနာယတနကိုငှင်း ခွဲခြမ်းဝေဘန် ခြင်းကို မပြုကုန်။ ထိုအကြောင်းတို့ကြောင့် သုခိန္ဒြိယံ ။ပ။ ဝိပ္ပယုတ္တံ-ဟူ၍ငှင်း၊ စက္ခုဝိညာဏဓာတု ။ပ။ ဝိပ္ပယုတ္တာ-ဟူ၍ငှင်း စသည်တို့ကို ဟောတော်မမူဟု ပြတော်မူ၏။

## ၅၃—ဝိညာဏ်ကို ဓာတ်၌ ကေဟိစိဝိပ္ပယုတ္တံ-ဟု ဟောတော်မူခြင်းအကြောင်း

ပန၊ သုခိန္ဒြေ စသည်တို့မှတပါး ဝိညာဏ်ကိုဆိုအံ့။ ခန္ဓာယတန ဝိဘာဂ ရဟိတမ္ပိ၊ ခန္ဓာ, အာယတနတို့ဖြင့် ဝေဘန်ခြင်းမှ ကင်းသည်လည်း ဖြစ်သော။ ဝိညာဏံ၊ ဝိညာဏ်ကို။ ဓာတုဝိဘာဂေန၊ တဆယ့်ရှစ်ပါးသောဓာတ်တို့ဖြင့် ဝေဘန် ခြင်းဖြင့်။ ဝိဘတ္တမေဝ၊ ဝေဘန်အပ်သည် ဖြစ်၍သာလျှင်။ ယသ္မာ၊ ကြောင့်။ ဝုတ္တံ၊

၏။ ဣတိတသ္မာ၊ ကြောင့်။ စက္ခုဝိညာဏဓာတု။ပ။ မနောဝိညာဏဓာတု သောဠ
သယိဓာတူဟိ ဝိပ္ပယုတ္တာတိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ၏။ ဝေမေဝ၊ဤနည်း
အတူသာလျှင်။ ဣန္ဒြိယ ဝိဘာဂေန၊ ဣန္ဒြေ-ဟူသော ဝေဘန်ခြင်းဖြင့်။ ဝိဘတ္တာနံ၊
ဝေဘန်အပ်ကုန်သော။ သုခိန္ဒြိယာဒီနံ၊ သုခိန္ဒြေ စသည်တို့၏။ သုခိန္ဒြိယေန ယေဓမ္မာ
ဝိပ္ပယုတ္တာတိ အာဒိသု၊ သုခိန္ဒြိယေန ယေဓမ္မာ ဝိပ္ပယုတ္တာ စသည်တို့၌။ ယထာ
ယောဂံ၊ စွာ။ ဝိပ္ပယောဂေါ၊ ဝိပ္ပယုဘ်ကို။ ဒဋ္ဌဗ္ဗော၊ ၏။ အဝိဘတ္တဿ၊ မဝေဘန်
အပ်သော။ ဝေဒနာက္ခန္ဓဿ၊၏။ ဝိပ္ပယောဂေါ၊ဝိပ္ပယုဘ်ကို။ နဒဋ္ဌဗ္ဗော၊မမှတ်အပ်။

ဂဏ္ဌိ။ ။သုခိန္ဒြိယေန ယေဓမ္မာ ဝိပ္ပယုတ္တာတိ အာဒိသု၌ ပါဠိတော်ကား
သုခိန္ဒြိယေန ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဓမ္မာ
ဧကေန ခန္ဓေန ဒသာဟာယတနေဟိ သောဠသဟိ ဓာတူဟိ ဝိပ္ပယုတ္တာ၊ ဧကေနာ
ယတနေန ကေနစိ ဓာတုယာ ကေဟိစိ ဝိပ္ပယုတ္တာ-တည်း။ ။ယဒိ သမာနကာ
လဿ ဝိဘဇိတဗ္ဗဿ အဘာဝတော စက္ခုဝိညာဏဓာတာဒယော ဝိညာဏက္ခန္ဓဿ
ဝိဘာဂံ နကရောန္တိ၊ အထ ကသ္မာ စက္ခု ဝိညာဏဓာတု ။ပ။ မနောဝိညာဏ ဓာတု
သောဠသဟိ ဓာတူဟိ ဝိပ္ပယုတ္တာတိ ဝုတ္တန္တိ စောဒနံ မနသိ ကတွာ အာဟ ခန္ဓာယ
တန။ပ။ဝိပ္ပယုတ္တာတိ ဝုတ္တန္တိ။ ။အနုဋီကာ။ ။သမာနကာလဿ၊ ကာလအားဖြင့်
တူသော။ ဝိဘဇိတဗ္ဗဿ၊ ဝေဘန်အပ်သော ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, ဝိညာ
ဏက္ခန္ဓာ၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ စက္ခုဝိညာဏ ဓာတာဒယော၊
စက္ခုဝိညာဏဓာတ် စသည်တို့သည်။ ဝိညာဏက္ခန္ဓဿ၊ ကို။ဝိဘာဂံ၊ ဝေဘန်ခြင်းကို။
ယဒိ နကရောန္တိ၊အကယ်၍ မပြုကုန်သည်ဖြစ်အံ့။ အထ၊ ထိုသို့ မပြုကုန်သည်ရှိသော်။
ကသ္မာ၊အဘယ်ကြောင့်။စက္ခုဝိညာဏ ဓာတု။ပ။မနောဝိညာဏဓာတု သောဠသဟိ
ဓာတူဟိ ဝိပ္ပယုတ္တာတိ၊ ဝိပ္ပယုတ္တာ-ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံ၊ ဟောတော်မူ
သနည်း။ ဣတိစောဒနံ၊ ဤစောဒနာကို။ မနသိ ကတွာ၊ နှလုံးသွင်းတော် မူ၍။
ခန္ဓာယတန။ပ။ ဝိပ္ပယုတ္တာတိ ဝုတ္တန္တိ၊ ဝုတ္တံ-ဟူ၍။ အာဟ၊ မိန့်တော်မူပြီ။

## ၅၄—ဝိပ္ပယုတ်ဖြစ်ခြင်း၊ မဖြစ်ခြင်းကို ပြတော်မူခြင်း

တံသမ္ပယောဂီဘာဝံ၊ထိုတူသောကာလ,တူသောသန္တာန်,တူသောစိတ္တုပ္ပါဒ်
၌ဖြစ်သော သမုဒယသစ္စာ၏ သမ္ပယောဂီ၏အဖြစ်ကို။ သန္ဓာယ၊ ရည်၍။ သမုဒယ
သစ္စံ တီဟိ ခန္ဓေဟိ သမ္ပယုတ္တန္တိ၊ ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တံယထာ၊ဟောတော်
မူသကဲ့သို့။ ဧဝံ၊ ဤအတူ။ တံဝိပ္ပယောဂီဘာဝံ၊ ထိုမတူသောကာလ, မတူသော
သန္တာန်, မတူသောစိတ္တုပ္ပါဒ်၌ဖြစ်သော သမုဒယသစ္စာကို။ သန္ဓာယ၊ ၍။ တီဟိ
ခန္ဓေဟိ ဝိပ္ပယုတ္တန္တိ၊ သမုဒယသစ္စံ တီဟိ ခန္ဓေဟိ ဝိပ္ပယုတ္တံ-ဟူ၍။ ကသ္မာ၊ ကြောင့်။
ဘဂဝတာ၊ သည်။ နဝုတ္တံ၊ မဟောပါသနည်း။ ဣတိစေ၊ ဤသို့ စောဒနာငြားအံ့။

အဝိဘာဂေဟိ၊ ခွဲခြမ်းဝေဘန်ခြင်းကို မပြုအပ်ကုန်သော။ တေဟိ၊ ထိုသုံးပါးကုန်သောခန္ဓာတို့နှင့်။ သမုဒယသစ္စဿ၊ ဇ်။ (ထည့်) ဝိပ္ပယောဂ ဝစနဿ၊ ဝိပ္ပယုတ်အဖြစ်ကို ဟောခြင်း၏။ အယုတ္တတ္တာ၊ မသင့်သည်၏အဖြစ်ကြောင့်။ တီဟိ ခန္ဓေဟိ ဝိပ္ပယုတ္တန္တိ၊ဟူ၍။ ဘဂဝတာ၊သည်။ နဝုတ္တံ၊ဟောတော်မမူ။ ဣတိ၊ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။ (ပြန်၍စပ်) ဝိဘာဂေ၊ ခန္ဓာတို့ကို ခွဲခြမ်းဝေဘန်ခြင်းသည်။ သတိ၊ ရှိသော်။ သမုဒယသစ္စံ၊ သမုဒယသစ္စာသည်။ သုခဒုက္ခ ဒေါမနဿိန္ဒြိယေဟိစ၊ သုခိန္ဒြေ, ဒုက္ခိန္ဒြေ,ဒေါမနဿိန္ဒြေတို့နှင့်၎င်း။ မနောဝိညာဏဓာတုတော၊ မနောဝိညာဏဓာတ်မှ။ အညဝိညာဏဓာတူဟိစ၊ တပါးကုန်သော ဝိညာဏဓာတ်တို့နှင့်၎င်း။ ဝိပ္ပယုတ္တန္တိ၊ ဝိပ္ပယုတ်ဟူ၍။ ဝတ္တုံ၊ ဆိုခြင်းငှါ။ ဟိယသ္မာ၊ ကြောင့်။ ယုတ္တံ၊ သင့်၏။ ကသ္မာ၊ အဘယ်ကြောင့် ဝိပ္ပယုတ်ဟု ဆိုခြင်းငှါ သင့်သနည်းဟူမူ။ ဝိဘာဂေနေဝ၊သုခိန္ဒြေ,ဒုက္ခိန္ဒြေ စသည်တို့ဖြင့် ဝေဘန်ခြင်းဖြင့်သာလျှင်။ဝိသဘာဂတာယ၊ သဘောမတူသော အဖြစ်၏။ ဝါ၊ ကို။ သင်္ဂဟိတတ္တာ၊ ရေတွက်အပ်သည်၏ အဖြစ်ကြောင့်တည်း။ ပန၊ ဗျတိရေကမှတပါး အနွယကိုဆိုအံ့။ ဝိဘာဂရဟိတေဟိ၊ သုခိန္ဒြေ, ဒုက္ခိန္ဒြေ စသည်တို့ဖြင့် ဝေဘန်ခြင်းမှ ကင်းကုန်သော။ ဝေဒနာက္ခန္ဓာဒီဟိ၊ ဝေဒနာက္ခန္ဓာ စသည်တို့နှင့်။ ဝိပ္ပယုတ္တန္တိ၊ ဝိပ္ပယုတ်ဟူ၍။ဝတ္တုံ၊ ဆိုခြင်းငှါ။ ဟိယသ္မာ၊ကြောင့်။ နယုတ္တံ၊မသင့်။ကသ္မာ၊အဘယ်ကြောင့် ဝိပ္ပယုတ်ဟု ဆိုခြင်းငှါ မသင့်သနည်းဟူမူ။ ဝိဇ္ဇမာနေဟိ၊ ထင်ရှားရှိကုန်သော။ ဝါ၊ ပစ္စုပ္ပန်ကာလ၌ ဖြစ်ကုန်သော။ တေဟိ၊ ထိုဝေဒနာက္ခန္ဓာ စသည်တို့နှင့်။ ဝိဇ္ဇမာနဿ၊ ထင်ရှားရှိသော။ ဝါ၊ ပစ္စုပ္ပန်ကာလ၌ဖြစ်သော။ သမုဒယဿ၊ သမုဒယသစ္စာ၏။ ဝိသဘာဂဘာဝါ ဘာဝတော၊ ဝိသဘာဂအဖြစ်၏ မရှိခြင်းကြောင့်တည်း။တသ္မာ၊ ထိုသို့ ဝေဘန်သည်ရှိသော် သမုဒယသစ္စာသည် သုခိန္ဒြေ-စသည်တို့နှင့် ဝိပ္ပယုတ်ဟု ဆိုခြင်းငှါ သင့်သည်၏အဖြစ်။(ဗျတိရေက) မဝေဘန်အပ်ကုန်သော ဝေဒနာက္ခန္ဓာ စသည်တို့နှင့် ဝိပ္ပယုတ်ဟု ဆိုခြင်းငှါ မသင့်သည်၏အဖြစ်ကြောင့်။ (အနွယ-ဟိတ်နှစ်ခုကိုစွဲ)အဝိဘာဂေဟိ၊န်သော။ တေဟိ၊တို့နှင့်။ သမုဒယသစ္စဿ၊၏။ ဝိပ္ပယောဂ ဝစနဿ၊ ၏။ အယုတ္တဘာဝေါ၊ မသင့်သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗော၊ ၏။ (မူလဟိတ်သို့ ပြန်၍စပ်)

ဂဏ္ဌိ။ ။ကာလ သန္တာန် စိတ္တုပ္ပါဒ်အားဖြင့် အတူတကွ ဖြစ်သော သမုဒယသစ္စာ၏ ဝေဒနာက္ခန္ဓာ စသော ခန္ဓာသုံးပါးတို့နှင့် သမ္ပယုတ် အဖြစ်ကိုရည်၍ သမုဒယသစ္စံ တီဟိ ခန္ဓေဟိ သမ္ပယုတ္တံ-ဟု ဟောတော်မူသကဲ့သို့ ထိုအတူ ကာလ သန္တာန် စိတ္တုပ္ပါဒ်အားဖြင့် အတူမဖြစ်သည်ကိုရည်၍ သမုဒယသစ္စံ တီဟိ ခန္ဓေဟိ ဝိပ္ပယုတ္တံ-ဟု ဟောသင့်သည်ဟု စောဒနာသည်။ ။ဟေတုနောက်မှ၊ ဟိနှင့်ပြု၊ ခွဲမှုသညီ၊ ဝိတ္ထာပြီ—ဟူသည်နှင့် အညီ (အဝိဘာဂေဟိ ။ပ။ အယုတ္တတ္တာ-ဟူသော သခေ်ပဟေတုကို ဝိဘာဂေဟိ သတိ။ပ။သင်္ဂဟိတတ္တာ-ဟူသော ဗျတိရေကဟေတု၊

ဝိဘာဂ ရဟိတေဟိ။ ပ။ဝိသဘာဂ ဘာဝါဘာဝတော-ဟူသော အနွယဟေတုနှစ်ခု တို့ဖြင့် ချဲ့၍ပြတော်မူသည်)။ ။သုခ,ဒုက္ခ ဝေဒါ မနသိကြိယေဟိ-ဟူသော ပါဌ်ဖြင့် ဝေဒနာက္ခန္ဓာကို ခွဲခြမ်းဝေဘန်၍ပြ သည်။မနောဝိညာဏဓာတုတော အညဝိညာဏ ဓာတူဟိ-ဟူသောပါဌ်ဖြင့် ဝိညာဏက္ခန္ဓာကို ခွဲခြမ်းဝေဘန်၍ ပြတော်မူသည်။ထိုသို့ ခွဲခြမ်းဝေဘန်သည်ရှိသော် ဝိပ္ပယုတ်ဖြစ်သည်။ ဝေဒနာက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟု မခွဲ ခြမ်း မဝေဘန်သော် ဝိပ္ပယုတ် မဖြစ်ဟု ပြတော်မူသည်။

## ၅၅—ပစ္စုပ္ပန်ကာလကိုမှီ၍ သမ္ပယုတ်,ဝိပ္ပယုတ်ကို ထုတ်ရခြင်း

အနုပ္ပန္နာ စမ္မာ၊ အနုပ္ပန္န ဓမ္မတို့သည်။ အာမဋ္ဌကာလဘေဒံ၊ အနာဂတ် ကာလဟူသော သုံးသပ် ႔ပ်သော ကာလအထူးရှိကုန်သည်။ ဒဟာန္တိဝိယ၊ ဖြစ်ကုန် သကဲ့သို့။ ဧဝံ၊ တူ။ သခ်တံ၊ သခ်တဖြစ်သော။ ဥဒ္ဒရိတဗ္ဗံ၊ ထုတ်ဖော် ဟောကြား အပ်သော။ ယံဓမ္မဇာတံ၊ သည်။ အာမဋ္ဌကာလံ၊ တိုက်ရိုက်ဟောကြား အပ်သော ကာလအထူးရှိသည်။ နဟောတိ၊ မဖြစ်။ (ဝိသဒိသူပမာ) တံဓမ္မဇာတံ၊ ကို။ပစ္စုပ္ပန္န ဘာဝံ၊ ပစ္စုပ္ပန်၏ အဖြစ်ကို။ နိဿာယ၊ မှီ၍။ သမ္ပယောဂီ ဝိပ္ပယောဂီဘာဝေန၊ သမ္ပယုတ်, ဝိပ္ပယုတ်၏အဖြစ်ဖြင့်။ ဟိယသ္မာ၊ ကြောင့်။ ဉဒ္ဒရိယတိ၊ ထုတ်အပ်၏။ တဉ္စ၊ ထိုထုတ်ခြင်းသည်လည်း။ ဝိဘာဂ ရဟိတေဟိ၊ ခွဲခြမ်းဝေဘန်ခြင်းမှကင်းကုန် သော။ ခန္ဓာဒီဟိ၊ ခန္ဓာ အစရှိကုန်သော။ သခ်တေဟိ၊ သခ်တ တရားတို့ဖြင့်။ ပစ္စုပ္ပန္န ဘာဝမေဝ၊ ပစ္စုပ္ပန်၏ အဖြစ်ကိုသာလျှင်။ နိဿာယ၊ မှီ၍။ ဟိယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ ကသ္မာ၊ အဘယ်ကြောင့် ပစ္စုပ္ပန် ကာလကို မှီရသနည်း ဟူမူ။ အနာမဋ္ဌကာလဘေဒေ၊ မသုံးသပ်အပ်သော ကာလအထူး၌။ ဝါ၊ အထူး တိုက်ရိုက် မဆိုအပ်သော ကာလ၌။ အတ္ထိတာယဝေ၊ ထင်ရှား ရှိသော ပစ္စုပ္ပန် ကာလ၏ အဖြစ်၏သာလျှင်။ ဝါ၊ ထင်ရှားရှိသော ပစ္စုပ္ပန်ကာလ၏ အဖြစ်သည် သာလျှင်။ ဥဒ္ဒရဏာဿ၊ တရားတို့ကို ထုတ်ဖော်ဟောကြားခြင်း၏။(ထည့်)နိဿယိ တဗ္ဗတ္တာ၊ မှီအပ်သည်၏ အဖြစ်ကြောင့်တည်း။ တသ္မာ၊ ထိုသို့ အနာမဋ္ဌကာလဘေဒ ၌ ပစ္စုပ္ပန်ကာလကိုမှီ၍ သမ္ပယောဂ,ဝိပ္ပယောဂကို ထုတ်အပ်သည်၏အဖြစ်၊ ဝိဘာဂ ရဟိတ ဖြစ်သော ခန္ဓာစသော သခ်တ တရားတို့ဖြင့် ပစ္စုပ္ပန် အဖြစ်ကို မှီ၍ ထုတ်အပ်သည်၏ အဖြစ်ကြောင့်။ (ဟိတ်နှစ်ခုကိုစွဲ) ဝိဇ္ဇမာနေဟိ၊ ထင်ရှား ရှိကုန် သော။ ဝါ၊ ပစ္စုပ္ပန်ကာလ၌ ဖြစ်ကုန်သော။ တေဟိ၊ ထိုဝေဒနာက္ခန္ဓာ စသည်တို့ နှင့်။ ဝိဇ္ဇမာနဿ၊ သော။ ဝါ၊ သော။ သမုဒယဿ၊ ၏။ ဝိသဘာဂ ဘာဝါဘာ ဝေါ၊ ဝိသဘာဂအဖြစ်မရှိသည်ကို။ ဝေဒိတဗ္ဗော၊ ၏။ (ပြန်၍စပ်) အဝိဇ္ဇမာနဿ၊ ထင်ရှားမရှိသော သဘာဝဓမ္မ၏။ ဝါ၊ ပစ္စုပ္ပန်မဟုတ်သော သဘာဝဓမ္မ၏။ အဝိဇ္ဇ မာနေနစ၊ ထင်ရှားမရှိသော သဘာဝဓမ္မနှင့်လည်းကောင်း။ ဝါ၊ ပစ္စုပ္ပန် မဟုတ် သော သဘာဝဓမ္မနှင့်လည်းကောင်း။ အဝိဇ္ဇမာနဿ၊ ၏။ဝိဇ္ဇမာနေနစ၊ ထင်ရှားရှိ

သော သဘာဝမေ့နှင့် လည်းကောင်း။ ဝါ၊ ပစ္စုပ္ပန် ဖြစ်သော သဘာဝ ဓမ္မနှင့် လည်းကောင်း။ ဝိဇ္ဇမာနဿ၊ ၏။ အဝိဇ္ဇမာနေနစ၊ လည်းကောင်း။ သမ္ပယော ဂေါ၊ သမ္ပယုတ်သည်။ ဟိယသ္မာ၊ ကြောင့်။ နတ္ထိ၊ မရှိ။

ပန၊ သမ္ပယုတ်မှတပါး ဝိပ္ပယုတ်ကိုဆိုအံ့။ အဝိဇ္ဇမာနတာ ဒီပကော၊ထင်ရှား မရှိသည်ကို ပြရာ၌။ ဝါ၊ ပြသော။ဝါ၊ ပစ္စုပ္ပန်မဟုတ်သည်ကို ပြရာ၌။ ဝါ၊ပြသော။ ဘေဒေ၊ အထူးကို။ ဂဟိတေ၊ ယူရာ၌။ တေနေဝ၊ ထိုအထူးကို ယူခြင်းကြောင့် သာလျှင်။ ဝိသဘာဂတာပိ၊ ဝိသဘာဂ၏ အဖြစ်ကိုလည်း။ ဂဟိတာဝေ၊ ယူအပ် သည်သာလျှင်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ ဣာဘိတသ္မာ၊ ထိုသို့ ဝိသဘာဂ အဖြစ်ကို ယူအပ်သည်၏ အဖြစ်ကြောင့်။ဝိပ္ပယောဂေါ၊ ဝိပ္ပယုတ်သည်။ ဟိယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ ပန၊ ဝိပ္ပယုတ်ဖြစ်သည်မှ တပါး သမ္ပယုတ် ဖြစ်သည်ကို ဆိုအံ့။ ဘေဒေ၊ အထူးကို။ အဂဟိတေ၊ မယူရာ၌။ ဝါ၊ ဘေဒေ အဂဟိတေ၊ သာ မညအားဖြင့် ဟောရာ၌။ (အဓိပ္ပါယတ္ထ) တေနတေန ဂဟဏေန၊ ထိုဆို သာမညကို ယူခြင်းကြောင့်။ ဝိသဘာဂတာယ၊ ဝိသဘာဂ အဖြစ်၏။ ဝါ၊ ကို။ အဂဟိတတ္တာ၊ မယူအပ်သည်၏ အဖြစ်ကြောင့်။ သဘာဂတ္တေ၊ သဘာဂ၏ အဖြစ်သည်။ သတိ၊ ရှိသော်။ ဝိဇ္ဇမာနတာယဝေ၊ ထင်ရှားရှိသည်၏ အဖြစ်ကြောင့်သာလျှင်။ ဓမ္မာနံ၊ သဘာဝဓမ္မတို့၏။ သဘာဂဿ၊ ကို။ ပရိစ္ဆိန္ဒနတော၊ ပိုင်းခြားခြင်းကြောင့်။ ဝိဇ္ဇ မာနတာ၊ ကို။ ဒဿိတာ၊ သည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏၊ ဣတိတသ္မာ၊ ထိုသို့ ဝိဇ္ဇမာန၏ အဖြစ်ကို ပြအပ်သောကြောင့်။ ကေပ္ပါဒါဒိဘာဝ သခ်ါတာ၊ ကေပ္ပါဒ-စသည်တို့၏ အဖြစ်ဟု ဆိုအပ်သော။ ဝါ၊ ကေပ္ပါဒ, ကေနိရောခ, ကော လမ္ဗဏ, ကေဝတ္ထုက အဖြစ်ဟု ဆိုအပ်သော။ သဘာဂတာပိ၊ သဘာဂ၏ အဖြစ် ကိုလည်း။ ဂဟိတာဝေ၊ ယူအပ်သည်သာလျှင်။ ဟိယသ္မာ ကြောင့်။ ဟောတိ၊ ၏။ တဿာစ၊ ထိုသဘာဂ၏အဖြစ်၏လည်း။ ဝါ၊ ကိုလည်း။ ဂဟိတတ္တာ၊ ယူအပ် သည်၏အဖြစ်ကြောင့်။သမ္ပယောဂေါဝ၊သမ္ပယုတ်ကိုသာလျှင်။ ဟိယသ္မာ၊ကြောင့်။ လဗ္ဘတိ၊ ၏။ ဝိပ္ပယောဂေါ၊ ဝိပ္ပယုတ်ကို။ ဟိယသ္မာ၊ ကြောင့်။ နလဗ္ဘတိ၊ မရအပ်။ တသ္မာ၊ ထိုသို့ အဝိဇ္ဇမာနအား အဝိဇ္ဇမာနနှင့်ရှင်း၊ အဝိဇ္ဇမာနအား ဝိဇ္ဇမာနနှင့်ရှင်း၊ ဝိဇ္ဇမာနအား အဝိဇ္ဇမာနနှင့်ရှင်း သမ္ပယုတ်မရှိသည်၏ အဖြစ်၊ အဝိဇ္ဇမာန ဒီပကာ ဘေဒ၌ ဝိပ္ပယုတ်ဖြစ်သည်၏ အဖြစ်၊ အဘေဒ၌ သဘာဂ၏အဖြစ်၊ သမ္ပယုတ်၏ အဖြစ်ကြောင့်။ (ဟိတ်လေးချက်ကိုစွဲ) ပစ္စုပ္ပန္နဘာဝံ၊ ကို။ နိဿာယ၊ ၍။ သမ္ပ ယောဂီ ဝိပ္ပယောဂီဘာဝေန၊ ဖြင့်။ ဥဒ္ဓရိတဘာဝေါ၊ ထုတ်အပ်သည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗော၊ ၏။ (ပြန်ရှုစပ်) တသ္မာ၊ ထိုသို့ ဝိသဘာဂကို မရအပ်သည်၏ အဖြစ်၊ သဘာဂကို ရအပ်သည်၏အဖြစ်ကြောင့်။ (အနုဋီကာ) ဝါ၊ တသ္မာ၊ ထိုသို့ ဝိဘာဂ ၌ ဝိပ္ပယုတ်ဆိုသင့်သည်၏ အဖြစ်၊ အဝိဘာဂ၌ ဝိပ္ပယုတ် မဆိုသင့်သည်၏ အဖြစ် ကြောင့်။ သမုဒ္ဒယသစ္စံ၊ ကို။ ဝေဒနာက္ခန္ဓာဒီဟိ၊ ဝေဒနာက္ခန္ဓာ-စသည်တို့နှင့်။ သမ္ပ

ယုတ္တတ္တေန၊ သမ္ပယုတ်၏အဖြစ်ဖြင့်။ ဝုတ္တံ၊ ၏။ ဝိပ္ပယုတ္တတ္တေန၊ ဝိပ္ပယုတ်၏ အဖြစ်ဖြင့်။ နဝုတ္တံ၊ဟောတော်မမူ။ ဣတိ၊ ဤကား စကားတရပ် အပြီးသတ်ဘည်း။

ဂဏ္ဌိ။ ။အရှင်ဋီကာဆရာ—ပါဠိတော်၌ သမုဒယသစ္စံ ဝေဒနာခန္ဓေဟိ—စသည်ဖြင့် ကာလ သာမညအားဖြင့် သမ္ပယုတ်,ဝိပ္ပယုတ်၏ အဖြစ်ကိုဟောတော်မူအပ်သည် မဟုတ်ပါလော။ တေဟိ ဝိဇ္ဇမာနေဟိ ဝိဇ္ဇမာနသာ သမုဒယသာ ဝိသဘာဂဘာဝါဘာဝဘော-ဟု ပစ္စုပ္ပန်ကာလ အထူးကို အဘယ်ကြောင့် မိန့်နိုင်ပါသနည်းဟု စုဒ်ရှိရကား ယဋ္ဌိအနုပ္ပန္နာနမ္ပိဝိယ။ပ။ပစ္စုပ္ပန္နဘာဝမေဝ နိယာမယ - ဟူသောပါဌ်ကို မိန့်။ ။အဓိပ္ပါယ်ကား၊ ကာလသာမညကို ထုတ်ရာ၌ ပစ္စုပ္ပန် ကာလကို မှီ၍ သမ္ပယုတ်, ဝိပ္ပယုတ်ကို ထုတ်ရသည်။ ထိုသို့ထုတ်ခြင်း သည်လည်း မခွဲခြမ်း မဝေဘန်အပ်ကုန်သော သဒိသ တရားတို့ဖြင့် ပစ္စုပ္ပန်ကာလကို မှီ၍ ထုတ်ရသောကြောင့် တေဟိ ဝိဇ္ဇမာနေဟိ-စသော ပါဌ်ဖြင့် ပစ္စုပ္ပန် ကာလ၌ ဖြစ်ကုန်သောသမုဒယသစ္စာနှင့် ခန္ဓာသုံးပါးတို့၏ ဝိသဘာဂမဖြစ် ဝိပ္ပယုတ်မဖြစ်ဟု မိန့်သည် ဖြစ်ဘိသော်။ ။အရှင်ဋီကာဆရာ—အဘယ်ကြောင့် ပစ္စုပ္ပန်ကာလကိုမှီ၍ သမ္ပယုတ် ဝိပ္ပယုတ်အဖြစ်ဖြင့် ထုတ်အပ်ပါသနည်းဟု စုဒ်ရှိရကား အနာမဋ္ဌကာလဘေဒေ အတ္ထိတာယဝေ နိယိဘဗ္ဗတ္တာကို မိန့်။ ။အဓိပ္ပါယ်ကာ.၊ ကာလအထူးမရှိသည်၌ ပစ္စုပ္ပန်ကာလသည် သမ္ပယုတ်, ဝိပ္ပယုတ်ကို ထုတ်ခြင်း၏ အမှီနိဿယ ဖြစ်သောကြောင့် ပစ္စုပ္ပန်ကာလကိုမှီ၍ သမ္ပယုတ်,ဝိပ္ပယုတ်၏အဖြစ်ဖြင့် သဘာဝ ဓမ္မတို့ကို ထုတ်အပ်သည် ဖြစ်ဘိသော်။ ။အရှင်ဋီကာဆရာ—ပစ္စုပ္ပန်မဟုတ်သော အဝိဇ္ဇမာန၌ အဘယ်ကြောင့် သမ္ပယုတ်, ဝိပ္ပယုတ်ကို မထုတ်ပါသနည်းဟု စုဒ်ရှိရကား အဝိဇ္ဇမာနဿဟိ ။ပ။ နတ္ထိကို မိန့်။ ။အဓိပ္ပါယ်ကား၊ အဝိဇ္ဇမာန တရားအား အဝိဇ္ဇမာနတရားနှင့်ငှင်း၊ အဝိဇ္ဇမာနတရားအား ဝိဇ္ဇမာနတရားနှင့်ငှင်း၊ ဝိဇ္ဇမာန တရားအား အဝိဇ္ဇမာနတရားနှင့်ငှင်း သမ္ပယုတ်မရှိ။ ဝိဇ္ဇမာနတရားအား ဝိဇ္ဇမာန တရားနှင့် သမ္ပယုတ် အဖြစ် ရှိသောကြောင့် ပစ္စုပ္ပန် မဟုတ်သော အဝိဇ္ဇမာန၌ သမ္ပယုတ်, ဝိပ္ပယုတ်ကို ထုတ်ခြင်းမရှိ ဖြစ်ဘိသော်။ ။အဝိဇ္ဇမာနဿ ။ပ။ သမ္ပယောဂေါ နတ္ထိဘိ တေန ပါရိသေသတော ဝိဇ္ဇမာနဿစ ဝိဇ္ဇမာနေန သမ္ပယောဂေါ ဒဿိတော။ ။အနုဋီကာ။ ။အဝိဇ္ဇမာနဿ ။ပ။ သမ္ပယောဂေါ နတ္ထိတိ တေန၊ ဖြင့်။ ပါရိသေသတော၊ ပါရိသေသနည်းဖြင့်။ ဝိဇ္ဇမာနဿ၊ ပစ္စုပ္ပန်၌ ထင်ရှားရှိသော တရားအား။ ဝိဇ္ဇမာနေနစ၊ ပစ္စုပ္ပန်၌ ထင်ရှားရှိသော တရားနှင့်ငှင်း။ သမ္ပယောဂေါ၊ သမ္ပယုတ်ကို။ ဒဿိတော၊ ပြတော်မူ၏။ ။သမ္ပယောဂမရှိသည်ကို ပြပြီး၍ ဝိပ္ပယောဂ ဖြစ်သည်ကို ပြတော်မူလိုရကား ဝိပ္ပယောဂေါ။ပ။ ဟောတိကို မိန့်။ ။အဓိပ္ပါယ်ကား၊ အရူပဘဝေ ကောနေ ခန္ဓေန ဒသာယတန တနေဟိ သောဠသဟိ ဓာတူဟိ ဝိပ္ပယုတ္တော-အစရှိသည်ဖြင့် ကာလသာမည၌ကာမဘဝ,ရူပဘဝ,အရူပဘဝ စသည်ဖြင့် ခွဲခြမ်းဝေဘန်၍ ယူအပ်သည်ရှိသော် ထိုခွဲခြမ်း

ဝေဘန်ခြင်းကြောင့် ဝိသဘာဂဖြစ်သဖြင့် ဝိပ္ပယုတ်ဖြစ်သောကြောင့် သမ္ပယုတ်ကို မရလေရကား ပစ္စုပ္ပန်ကိုမှီ၍ သမ္ပယုတ်, ဝိပ္ပယုတ် အဖြစ်ဖြင့် ထုတ်အပ်သည် ဖြစ်ဘိသော်။

ဝိပ္ပယုတ်ဖြစ်သည်မှတပါး သမ္ပယုတ်ဖြစ်သည်ကို ပြတော်မူလိုရကား ဘေဒေပန အာဂဟိတေ။ပ။နဝိပ္ပယောဂေါ-ကို မိန့်။ ။အဓိပ္ပါယ်ကား၊ ဝေဒနာက္ခန္ဓာကို သုခဝေဒနာ,ဒုက္ခဝေဒနာ-စသည်ဖြင့်ခွဲခြမ်းဝေဘန်ခြင်းကို မပြုမူ၍ ကာလသာမညဖြင့် ဝေဒနာက္ခန္ဓော တီဟိ ခန္ဓေဟိ ဧကေနာယတနေန သတ္တဟိ ဓာတူဟိ သမ္ပယုတ္တော စသည်ဖြင့် ခန္ဓာသာမညကို ယူအပ်သည်ရှိသော် ထိုသာမညကို ယူခြင်းကြောင့် သဘာဂဖြစ်လေရကားသမ္ပယုတ်ကိုသာ ရသည်၊ ဝိပ္ပယုတ်ကို မရသောကြောင့် ပစ္စုပ္ပန်ကာလကိုမှီ၍ သမ္ပယုတ်,ဝိပ္ပယုတ် အဖြစ်ဖြင့် ထုတ်အပ်သည် ဖြစ်ဘိသော်။ ။ နိဂုံးကိုပြုတော်မူလိုရကား တသ္မာ သမုဒယသစ္စံ။ပ။နဝိပ္ပယုတ္တာတွေနာတိကို မိန့်။ ။ ပိဏ္ဍတ္ထအားဖြင့် အဓိပ္ပါယ်ကို ပြဆိုအံ့၊ အဝိဇ္ဇမာန တရားအား အဝိဇ္ဇမာန တရား, ဝိဇ္ဇမာနတရားတို့နှင့်ရင်း။ ဝိဇ္ဇမာနတရားအား အဝိဇ္ဇမာနတရားနှင့်ရင်း သမ္ပယုတ် မရှိခြင်း၊ ကာလသာမည၌ သုခဝေဒနာ,ဒုက္ခဝေဒနာ စသည်ဖြင့် ခွဲခြမ်း ဝေဘန်သည်ရှိသော် ဝိပ္ပယုတ်ဖြစ်ခြင်း၊ မခွဲခြမ်း မဝေဘန်သည်ရှိသော် သဘာဂဖြစ်ခြင်း သမ္ပယုတ်ဖြစ်ခြင်း၊ ဤသို့လျှင် သမ္ပယုတ်, ဝိပ္ပယုတ်နှစ်ပါးလုံးကို မရချေ၊ ပစ္စုပ္ပန် ကာလ၌သာ သမ္ပယုတ်,ဝိပ္ပယုတ်နှစ်ပါးကို ရသောကြောင့် ပစ္စုပ္ပန် ကာလကိုမှီ၍ တရားတို့ကို သမ္ပယုတ်,ဝိပ္ပယုတ်၏ အဖြစ်ဖြင့် ထုတ်အပ်သည်။ ထိုကြောင့် ပစ္စုပ္ပန်၌ ဖြစ်သော ခွဲခြမ်းဝေဘန်ခြင်းကို မပြုအပ်သော ခန္ဓာသုံးပါးတို့နှင့် သမုဒယ သစ္စာသည် ဝိသဘာဂမဖြစ် သဘာဂသာဖြစ်သောကြောင့် သမုဒယသစ္စံ တီဟိ ခန္ဓေဟိ သမ္ပယုတ္တံ-ဟူ၍သာ ဟောတော်မူသည်။ သမုဒယသစ္စံ တီဟိ ခန္ဓေဟိ ဝိပ္ပယုတ္တံ-ဟု ဟောတော်မမူဟု ဖြေတော်မူသည်။

## ၅၆—ဝိတက္ကတိက်၌ အဋ္ဌကထာ၏ အဓိပ္ပါယ်ကို ပြတော်မူခြင်း

ဒုတိယစျာနေ ဝိစာရဝ္ဝိ ထပေတွာ သေသာ အဝိတက္က ဝိစာရမတ္တာတိ အဋ္ဌကထာ ဝစနံ၊ ဒုတိယစျာနေ။ပ။မတ္တာဟူသော အဋ္ဌကထာ စကားသည်။ (ဣတိ ဒဿေတိသို့စပ်) ဝိတက္ကော၊ ဝိတက်သည်။ကောဋ္ဌာသန္တရ စိတ္တုပ္ပါဒေသု၊သဝိတက္က သဝိစာရစိတ္တုပ္ပါဒ် တို့၌။ (အဓိပ္ပါယတ္ထ) လိနော၊ မထင်ရှားသည်။ ဝါ၊ မပါဝင် သည်။ ဟောတိဝိယ၊ ဖြစ်သကဲ့သို့။ ကောဋ္ဌာသန္တရ စိတ္တုပ္ပါဒေသု၊ အဝိတက္က ဝိစာရမတ္တ စိတ္တုပ္ပါဒ်တို့၌။အဓိပ္ပါယတ္ထ) အလီနော၊ ထင်ရှားကုန်သည်။ ဝါ၊ ပါဝင် ကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ဝါ၊ ဖြစ်သောကြောင့်။ ယော၊ အကြင် ဒုတိယစျာန် ဧကာဒသ ဝိဘက်,ဝိစာရကြဉ်သော စေတသိက်ဆတ္တိံသဟု ဆိုအပ်ကုန်သော အဝိ

တက္က ဝိစာရမတ္တ ဒုတိယရာသိခမ္မဘို့သည်။ ပဌာနာ၊ ပြဌာန်းကုန်၏။ တေဝေ၊ ထို ပဌာနဖြစ်သော အဝိဘက္က ဝိစာရမတ္တ ဒုတိယရာသိခမ္မ တို့ကိုသာလျှင်။ ဣခ၊ ဤ ဝိတက္ကတိက်၌။ အဝိတက္က ဝိစာရမတ္တာတိ၊ အဝိဘက္က ဝိစာရပတ္တ တရားတို့ဟူ၍။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။ ဣတိ၊ သို့။ အာစရိယော၊ အဋ္ဌကထာဆရာသည်။ (ထည့်) ဒဿေတိ၊ ပြတော်မူ၏။ တေနေ၀၊ ထိုအဝိတက္က ဝိစာရမတ္တတရား တို့ကို အလိုရှိအပ်သောကြောင့် သာလျှင်။ အနန္တရ နယေ၊ သမ္ပယုတ္တေန ဝိပ္ပယုတ္တပဒ နိဒ္ဒေသ၌။ သမုဒယသစ္စေန၊ သမုဒယသစ္စာနှင့်။သမာန ဂတိကာ၊တူသောဒေသနာ တော်ရှိသည်။ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။သဝိတက္က သဝိစာခရဟိ၊သဝိတက္က သဝိစာရတရားတို့နှင့်။ သမာန ဂတိကာ၊ တူသော ဒေသနာတော်ရှိသည်။ ယသ္မာ၊ ကြောင့်။နဟောတိ၊ မဖြစ်၊ဣတိတသ္မာ၊ ထိုသို့ သမုဒယသစ္စာနှင့် တူသည်၏ အဖြစ်၊ သဝိတက္က သဝိစာရ တရားတို့နှင့် မတူသည်၏ အဖြစ်ကြောင့်။ တေ၊ ထိုအဝိတက္က ဝိစာရမတ္တတရားတို့ကို။ ဟိယသ္မာ၊ ကြောင့်။ နဂဟိတာ၊ မယူအပ်ကုန်။ ဒသခမာ သာန နယေသုစ၊ ဒသမနယ, စုဒ္ဒသမနယတို့၌လည်း။ တေဟိ၊ ထိုအဝိတက္က ဝိစာရ မတ္တတရားတို့နှင့်။ ဝိပ္ပယုတ္တေဟိ၊ မယှဉ်ကုန်သော သဝိတက္က သဝိစာရမမ္မ, အဝိတက္က အဝိစာရမမ္မတို့နှင့်။ ဝိပ္ပယုတ္တာနဥ္စ၊ ဝိပ္ပယုတ်ဖြစ်ကုန်သော အဝိတက္က ဝိစာရမတ္တ တရားတို့၏ရင်း။ တေဟိ၊ ထိုအဝိဘက္က ဝိစာရမတ္တ တရားတို့နှင့်။ ဝိပ္ပယုတ္တာနဥ္စ၊ ဝိပ္ပယုတ်ဖြစ်ကုန်သော သဝိတက္က သဝိစာရခမ္မ, အဝိတက္က အဝိစာရမမ္မ တို့၏ရင်း။ သောဠသဟိ၊ တဆဲ့ခြောက်ပါးကုန်သော။ ဓာတူဟိ၊ ဓာတ်တို့နှင့်။ ဝိပ္ပယောဂေ စ၊ မယှဉ်ခြင်းကိုရင်း။ အဋ္ဌာရသဟိ၊ တဆဲ့ရှစ်ပါးကုန်သော ဓာတ်တို့ဖြင့်။ သင်္ဂဟော စ၊ ရေတွက်ခြင်းကိုရင်း။ ဟိယသ္မာ၊ ကြောင့်။ ဝုတ္တော၊ ဟောတော် မူအပ်၏။ တသ္မာ၊ ထိုသို့ အဝိတက္က ဝိစာရမတ္တ တရားတို့ကို သမုဒယသစ္စာနှင့် တူသောကြောင့် သမ္ပယုတ္တေန ဝိပ္ပယုတ္တပဒ နိဒ္ဒေသ၌ မဟောအပ်သည်၏ အဖြစ်၊ ဒသမနယ, စုဒ္ဒ သမနယတို့၌လည်း တဆယ့်ခြောက်ပါးကုန်သော ဓာတ်တို့နှင့် မယှဉ်ခြင်း၊ တဆယ့် ရှစ်ပါးကုန်သော ဓာတ်တို့ဖြင့်ရေတွက်ခြင်းကို ဟောတော်မူသည်၏ အဖြစ်ကြောင့်။ (ဟိတ်နှစ်ခုကိုစွဲ) တေဝေ၊ ထိုပဌာန ဖြစ်သော အဝိတက္က ဝိစာရမတ္တ ဒုတိယ ရာသိ ခမ္မတို့ကိုသာလျှင်။ ဣခ၊ ဤ ဝိတက္ကတိက်၌။ အဝိတက္က ဝိစာရ မတ္တာတိ၊ ဟူ၍။ အဓိပ္ပေတာ၊ နိ၏။ ဣတိ၊ သို့။ ဒဿိတဘာဝေါ၊ ပြတော်မူသည်၏ အဖြစ်ကို။ဝေဒိ တဗ္ဗော၊ ၏။

ဂဏ္ဌိ။ ။အဝိတက္က ဝိစာရမတ္တာခမ္မာ-ဟူသော ဒုတိယပဒ၌ ဖွင့်ပြတော် မူအပ်သော အဋ္ဌကထာ၏ အဓိပ္ပါယ်ကို ပြတော်မူလိုသော ဋီကာဆရာသည် ဒုတိယ ဈာနေ ဝိစာရဋ္ဌိ ထပေတွာ။ပ။အဋ္ဌာရသဟိ သင်္ဂဟော စ ဝုတ္တောကို မိန့်။ ။လိုရင်း ကား ဒုတိယဈာနေ ဝိစာရဋ္ဌိ ထပေတွာ သေသာ အဝိတက္က ဝိစာရမတ္တာတိ အဋ္ဌ ကထာဝစနံ ယေပဌာနာ တေဝေ ဣခ အဝိဘက္က ဝိစာရမတ္တာတိ အဓိပ္ပေတာတိ

ဒသောတိ-တည်း။ ။အဓိပ္ပါယ်ကား၊ဒုတိယ ဈာနေ-စသော အဋ္ဌကထာ စကားသည် ဒုတိယဈာန်ကောဒသ, ဝိတက်, ဝိစာရကြဉ်သော စေတသိက် ဆတ္တိံသ-ဟု ဆိုအပ်သော ပဋ္ဌာန တရားကိုသာ ကောက်ယူအပ်၏။ သဝိတက္က သဝိစာရစိတ် ငါးဆယ့် ငါးခု၌ ရှိသော အပဋ္ဌာနဖြစ်သော ဝိတက်စေတသိက် ငါးဆယ့်ငါးခုကို မကောက်ယူအပ်ဟု ပြတော်မူသည် ဖြစ်ဘိသော်။ ။အရှင်ဋီကာဆရာ—ထို ဒုတိယဈာန စိတ္တုပ္ပါဒ်တို့သည် အဘယ်ကြောင့် ပဋ္ဌာနဖြစ်ပါသနည်း။ စုဒ်။ ။ဝိတက္ကောဝိယ ကော်ဋ္ဌာသန္တရ စိတ္တုပ္ပါဒေသု အလိန္ဒာ-ဟူသော ဟေတုမန္တကို မိန့်။ ။အဓိပ္ပါယ်ကား၊ သဝိတက္က သဝိစာရစိတ် ငါးဆယ့်ငါးခု၌ ဝိတက်သည် မပါဝင်သောကြောင့် အပဋ္ဌာနဖြစ်သကဲ့သို့ အဝိတက္က ဝိစာရမတ္တဓမ္မ၌ မပါဝင်သည်မဟုတ်၊ ပါဝင်သောကြောင့် ထို ဒုတိယဈာန် ကောဒသ, စေတသိက်ဆတ္တိံသ တို့သည် ပဋ္ဌာနဖြစ်ကြသည်။ ထို ပဋ္ဌာန တရားတို့ကို ကောက်ယူလေဟု အဋ္ဌကထာဆရာ ပြတော်မူသည် ဖြစ်ဘိသော်။ ။အရှင်ဋီကာ ဆရာ—ဒုတိယ ဈာနေ ဝိစာရဠ္ဌ—အစရှိသော အဋ္ဌကထာ စကားသည် သဝိတက္က သဝိစာရစိတ် ငါးဆယ့်ငါးခု၌ရှိသော ဝိတက်ကို အဝိတက္က ဝိစာရမတ္တာဓမ္မာ-ဟူသော ဒုတိယ ပဒ၌ မယူမူ၍ ဒုတိယ ဈာန်စိတ်ကောဒသ, စေတသိက်ဆတ္တိံသတို့ကို ယူရသည်ကို ပြကြောင်းကို အဘယ်ကြောင့် မိန့်နိုင်ပါသနည်းဟု စုဒ်ရှိရကား တေနေဝဟိ။ပ။ နဂဟိတာကို မိန့်။ ။အဓိပ္ပါယ်ကား၊ သမ္ပယုတ္တေန ဝိပ္ပယုတ္တပဒ နိဒ္ဒေသဉ္စ သမုဒယသစ္စာနှင့် တူသည်၏ အဖြစ်၊ သဝိတက္က သဝိစာရဓမ္မတို့နှင့် မတူသည်၏အဖြစ်တို့ကြောင့် ထိုဒုတိယဈာန် စိတ္တုပ္ပါဒ် တို့ကို မယူအပ်သောကြောင့် မိန့်နိုင်သည် ဖြစ်ဘိသော်။

ယဒိဟိ တေသဝိတက္က သဝိစာရေဟိ သမာန ဂတိကာ သိယုံ၊ အဝိတက္က ဝိစာရမတ္တေဟိ ဓမ္မေဟိ ယေဓမ္မာ သမ္ပယုတ္တာ၊တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဓမ္မာ နကေဟိစိ ခန္ဓေဟိ နကေဟိစိ အာယတနေဟိ ကောယ ဓာတုယာ ဝိပ္ပယုတ္တာတိ ဝတ္တဗ္ဗာ သိယုံ။ ယသ္မာ ပန တေ သမုဒယသစ္စေန သမာနဂတိကာ၊ယထာဟိ ယေသမုဒယသစ္စေန သမ္ပယုတ္တေဟိ ဝိပ္ပယုတ္တာ၊ တေသံ ကေဟိစိ ဝိပ္ပယောဂံ ဝတ္တုံ နသက္ကာ။ ဧဝံ တေဟိပိ။ ။အနုဋီကာ။ ။တေ၊ ထို အဝိတက္က ဝိစာရမတ္တဓမ္မတို့သည်။ သဝိတက္က သဝိစာရေဟိ၊ သဝိတက္က သဝိစာရ ဓမ္မတို့နှင့်။ သမာန ဂတိကာ၊တူသော ဒေသနာတော် ရှိကုန်သည်။ ယဒိသိယုံ၊ အကယ်၍ ဖြစ်ကုန်အံ့။ ဧဝံသန္တေသု၊ ဤသို့တူကုန်သည်ရှိသော်။ အဝိတက္က ဝိစာရမတ္တေဟိ ဓမ္မေဟိ ။ပ။ ကောယ ဓာတုယာ ဝိပ္ပယုတ္တာတိ၊ အဝိတက္က။ပ။ဝိပ္ပယုတ္တာဟူ၍။ဝတ္တဗ္ဗာ၊ဟောအပ်ကုန်သည်။ သိယုံ၊ ၏။ တေ၊ ထိုအဝိတက္က ဝိစာရမတ္တ တရားတို့သည်။ သမုဒယ သစ္စေန၊ နှင့်။ သမာန ဂတိကာ၊ တူသော ဒေသနာတော် ရှိကုန်သည်။ ယသ္မာ၊ ကြောင့်။ သိယုံ၊ ၏။ တသ္မာ၊ ထိုသို့ သမုဒယသစ္စာနှင့် တူခြင်းကြောင့်။ အနန္တရ နယေ၊ သမ္ပယုတ္တေန ဝိပ္ပယုတ္တပဒ နိဒ္ဒေသဉ္စ။ တေ၊ ထိုအဝိတက္က ဝိစာရမတ္တ တရား

တို့ကို။ နဲ့ဂဟိတာ၊ မယူအပ်ကုန်။ ဝါ၊ မဟောအပ်ကုန်။(ဋီကာသို့စပ်)ဟိ၊ ဥပမာဖြင့် ပြဦးအံ့။သမုဒယ သစ္စေန၊ နှင့်။ သမ္ပယုတ္တေဟိ၊ ယှဉ်ကုန်သော လောဘသဟဂုတ် စိတ္တုပ္ပါဒ်တို့နှင့်။ ယေ၊ အကြင်လောဘသဟဂုတ် စိတ္တုပ္ပါဒ် ကြဉ်သော ကောသီတိ စိတ္တုပ္ပါဒ် တို့သည်။ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်။ တေသံ၊ ထိုကောသီတိ စိတ္တုပ္ပါဒ်တို့၏။ ကေဟိစိ၊ တစုံတခုကုန်သော ခန္ဓာ, အာယတန, ဓာတ်တို့နှင့်။ ဝိပ္ပယောဂံ၊ မယှဉ်ခြင်းကို။ ဝတ္တုံ၊ ဟောတော်မူခြင်းငှါ။ န သက္ကာယထာ၊ မစွမ်းနိုင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ တေဟိပိ၊ ထိုအဝိတက္က ဝိစာရမတ္တတရားတို့နှင့်လည်း။ ယေ၊ အကြင် သဝိတက္က သဝိစာရဓမ္မ, အဝိတက္က အဝိစာရ ဓမ္မတို့သည်။ ဝိပ္ပယုတ္တာ၊ မယှဉ်ကုန်။ တေသံ၊ ထိုသဝိတက္က သဝိစာရဓမ္မ, အဝိတက္က အဝိစာရ ဓမ္မတို့၏။ ကေဟိစိ၊ တစုံတခုသောခန္ဓာ, အာယတန, ဓာတ်တို့နှင့်။ ဝိပ္ပယောဂံ၊ ကို။ ဝတ္တုံ၊ ငှါ။ နသက္ကာ၊ မစွမ်းနိုင်။

**ဋီကာ, အနုဋီကာတို့၏ ပိဏ္ဍတ္ထ အဓိပ္ပါယ်ကား၊** အဝိတက္က ဝိစာရမတ္တာဓမ္မာ၌ သဝိတက္က သဝိစာရစိတ်၌ ရှိသော ဝိတက်သည် အကယ်၍ ပါဝင်သည် ဖြစ်အံ့၊ သဝိတက္က သဝိစာရဓမ္မတို့နှင့် အတူ သမ္ပယုတ္တန ဝိပ္ပယုတ္တပဒ၌ ဟောရာသည်။ ထိုသို့ မဟောမူ၍ ဝိတက်မရှိသော သမုဒယသစ္စာနှင့်အတူ ပါဠိတော်၌ မဟောမူ၍ ထားသောကြောင့် အဋ္ဌကထာ၌ ဒုတိယဈာနေ ဝိစာရဥ-အစရှိသော စကားသည် ဝိတက်မပါဝင်သော ဒုတိယဈာန စိတ္တုပ္ပါဒ်ကိုသာ အလိုရှိသည်ဟု ဖွင့်ပြတော်မူသည် ဖြစ်ဘိသော်။

အဝိတက္က ဝိစာရမတ္တာဓမ္မာ ဟူသောပုဒ်၌ ဝိဘက် စေတသိက် မပါဝင်ကြောင်းကို ဆက်၍ပြတော်မူလိုရကား ဒသမောသာန နယေသုစ-အစရှိသောပါဠိကို မိန့်။ ။**အဓိပ္ပါယ်ကား၊** ဒသမနယ၌ အဝိတက္က ဝိစာရမတ္တေဟိ ဓမ္မေဟိ ယေ ဓမ္မာ ဝိပ္ပယုတ္တာ၊ တေဟိ ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဓမ္မာ ကောန ခန္ဓေန ဒသာဟာယဘနေဟိ သောဠဟိ ဓာတူဟိ ဝိပ္ပယုတ္တာ- ဟူ၍ရင်း၊ စုဒ္ဒသမ နယ၌ အဝိတက္က ဝိစာရမတ္တေဟိ, ဓမ္မေဟိ ယေဓမ္မာ ဝိပ္ပယုတ္တာ၊ တေဓမ္မာ အသင်္ခတံ ခန္ဓတော ထပေတွာ ပဉ္စဟိ ခန္ဓေဟိ ဒွါဒသဟာယတနေဟိ အဋ္ဌာရသဟိ ဓာတူဟိ သင်္ဂဟိတာ-ဟူ၍ရင်း ဟောတော်မူသောကြောင့် ဒုတိယဈာန စိတ္တုပ္ပါဒ်တို့ကိုသာ အဋ္ဌကထာဆရာ အလိုရှိသည်ဟု ပြကြောင်းကို သိရသည်ဟု ပြတော်မူ၏။ ။ ဝိတက္ကသဟိတေဟိ သတိ ပန္နရသဟိ ဝိပ္ပယောဂေ ါ သတ္တရသဟိ သင်္ဂဟိတောတိ ဝတ္တဗ္ဗော သိယာတိ အဓိပ္ပါယော။ ။**မဓုဋီကာ**။ ။ဝိတက္က သဟိတေ၊ ဝိတက်နှင့်တကွ ယူအပ်သည်။ သတိ၊ ရှိသော်။ ပန္နရသဟိ၊ တဆယ့်ငါးပါး ကုန်သော ဓာတ်တို့နှင့်။ ဝိပ္ပယောဂေါ၊ မယှဉ်။ သတ္တရသဟိ၊ တဆယ့်ခုနစ်ပါး ကုန်သော ဓာတ်တို့ဖြင့်။ သင်္ဂဟိတော၊ ရေတွက်အပ်၏။ ဣတိ၊ သို့။ ဝတ္တဗ္ဗော၊ ဟောတော်

မူအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသည်ကား။ အဓိပ္ပါယော၊ ဋီကာဆရာ၏ အလိုတော်တည်း။

## ၅၇–ဝိတက်တိက်၌ ဋီကာဆရာ၏အလိုတော်ကို ပြတော်မူခြင်း

ပန၊ အဋ္ဌကထာ၏ အလိုတော်မှတပါး ဋီကာ၏ အလိုတော်ကို ဆိုဦးအံ့။ ဝိတက္ကသဟိတေသုပိ၊ ဝိတက်နှင့်လည်း တကွဖြစ်ကုန်သော။ တေသု၊ ထိုဒုတိယချွန်ကောဒသ, ဝိတက်, ဝိစာရကြဉ်သော စေတသိက် ဆတ္တိံသ တို့ကို။ ဂဟိတေသု၊ ယူအပ်ကုန်သည်ရှိသော်။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေ၊ ထိုဒုတိယ ချွန်ကောဒသ, စေတသိက်ဆတ္တိံသ, ဝိတက်စေတသိက် တို့သည်။ ဝိစာရေန၊ ဝိစာရနှင့်။ သမ္ပယုတ္တာ၊ ယှဉ်ကုန်သည်။ ယသ္မာ၊ ကြောင့်။ ဟောန္တိ၊ နှ်၏။ ဣတိ တသ္မာ၊ ထိုသို့ ဝိစာရနှင့်ယှဉ်ခြင်းကြောင့်။ ကေန ခန္ဓေန ကေဟိစိ သမ္ပယုတ္တာတိ၊ ကေန။ပ။သမ္ပယုတ္တာဟူ၍။ ဝတ္တုံ၊ ဟောတော်မူခြင်းငှါ။ သက္ကာ၊ စွမ်းနိုင်၏။ သော သမုဒါယော၊ ထိုဒုတိယချွန် ကောဒသ, စေတသိက် ဆတ္တိံသ, သဝိတက္က သဝိစာရစိတ် ငါးဆယ့်ငါးခု၌ရှိသော ဝိတက်စေတသိက်ဟု ဆိုအပ်သော တရား အပေါင်းသည်။ ဝိစာရံ၊ ဝိစာရကို။ ဝဇ္ဇေတွာ၊ ကြဉ်၍။ အညေန၊ တပါးသော။ ကေနစိ၊ တစုံတခုသော တရားနှင့်။ သမ္ပယုတ္တော၊ ယှဉ်သည်။ ဟိယသ္မာ၊ ကြောင့်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ ကေန ခန္ဓေန ကေဟိစိ သမ္ပယုတ္တောတိ၊ ကေန။ပ။သမ္ပယုတ္တော ဟူ၍။ ဝတ္တုံ၊ ငှါ။ သက္ကဘာဝေါ၊ စွမ်းနိုင်သည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗော၊ ၏။ (ပဋိညာသို့ ပြန်၍စပ်) တဒေကဒေသဿ၊ ထို ဒုတိယချွန်ကောဒသ,စေတသိက်ဆတ္တိံသ,ဝိတက်စေတသိက်ဟု ဆိုအပ်သော တရားအပေါင်း၏ အစိတ်ဖြစ်သော။ ဝိတက္ကဿ၊ ဝိတက်၏။ ဝိစာရတော၊ ဝိစာရ စေတသိက်မှ။ အညေန၊ တပါးသောဖဿ စသောစေတသိက်နှင့်။ သမ္ပယောဂေါ၊ ယှဉ်ခြင်းသည်။ သမုဒါယဿ၊ ဒုတိယချွန်ကောဒသ,စေတသိက်ဆတ္တိံသ, ဝိတက်ဟု ဆိုအပ်သော အပေါင်း၏။ သမ္ပယောဂေါ၊ ယှဉ်ခြင်းသည်။ ဟိယသ္မာ၊ ကြောင့်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ သောသမုဒါယော၊ သည်။ ဝိစာရံ၊ ကို။ ဝဇ္ဇေတွာ၊ ၍။ အညေန၊ သော။ ကေနစိ၊ နှင့်။ သမ္ပယုတ္တော၊ သည်။ နဟောတိ၊ မဖြစ်။ (မူလ ဟောတုသို့စပ်) ဟိ၊ ဥပမာဖြင့်ထင်စွာပြဦးအံ့။ နာနာစိတ္တုပ္ပါဒေသု၊ အထူးထူးသော စိတ္တုပ္ပါဒ်တို့၌။ ဥပ္ပဇ္ဇမာနာနံ၊ ဖြစ်ကုန်သော။ ဣန္ဒြိယပါဒါနံ၊ ဣန္ဒြိယပါဒ်တို့၏။ သမုဒါယဿ၊ အပေါင်းဖြစ်သော။ ဣန္ဒြိယပါဒဿ၊ ဣန္ဒြိယပါဒ်၏၊ ကေဒေသာနံ၊ အစိတ် ဖြစ်ကုန်သော ဣန္ဒြိယပါဒ်တို့၏။ တီဟိ၊ သုံးပါးကုန်သော။ ခန္ဓေဟိ၊ ခန္ဓာတို့နှင့်။သမ္ပယောဂေါ၊ ယှဉ်ခြင်းသည်။ သမုဒါယဿ၊ ဣန္ဒြိယပါဒ်လေးပါး အပေါင်း၏။ သမ္ပယောဂေါ၊ ယှဉ်ခြင်းသည်။ (ထည့်) နဟောတိ ယထာ၊ မဖြစ်သကဲ့သို့။ ဧဝံ၊ ဤ အတူ။ ဣဓာပိ၊ ဤဒုတိယချွန် ကောဒသ,စေတသိက်ဆတ္တိံသ, ဝိတက်စေတသိက် ဟု ဆိုအပ်သော တရားအပေါင်း၌လည်း။ ဒဋ္ဌဗ္ဗံ၊ ၏။

ဂဏ္ဌိ။ ။အဋ္ဌကထာ၏ အလိုတော်ကို မနှစ်သက်သဖြင့် မိမိ၏အလိုတော်ကို ပြတော်မူလိုသော ဋီကာဆရာသည် ဝိတက္က သဟိတေသုပိ၊စသောပါဌ်ကိုမိန့်။ ။အဓိပ္ပါယ်ကား၊ သဝိတက္က, သဝိစာရစိတ်၌ ရှိသော ဝိတက်စေတသိက်နှင့် တက္က ဒုတိယဈာန် ကောဒသ,စေတသိက်ဆတ္တ ်သ တို့ကို အဝိတက္က ဝိစာရမတ္တာ ဓမ္မာ—ဟူသောပုဒ်၌ ကောက်ယူရာ၌ အလုံးစုံကုန်သော ထိုတရားတို့သည် ဝိစာရနှင့်ယှဉ်ခြင်းကြောင့် အဝိတက္က ဝိစာရမတ္တာ ဓမ္မာ ကောန ခန္ဓန ကောနာယဘနေန ကောယ ဓာတုယာ ကေဟိစိ သမ္ပယုတ္တာ-ဟု ဟောတော်မူနိုင်သည် ဖြစ်ဘိသော်။ ။အရှင်ဋီကာဆရာ—အဘယ်ကြောင့် သဗ္ဗေပိ တေဝိစာရေန သမ္ပယုတ္တာ-ဟု မိန့်ပါသနည်း။ ဝိတက်နှင့်တက္က ဖြစ်ကုန်သော ဝိစာရမှတပါးကုန်သော တရားတို့သည် ရှိကြသည် မဟုတ်ပါလောဟု စုဒ်ရှိရကား သောဟိ သမုဒ ါယော။ပ။နဟောတိကို မိန့်။ ။အဓိပ္ပါယ်ကား၊ ဝိဘက်နှင့်တက္က ဖြစ်ကုန်သော ဝိစာရမှဘပါး ကုန်သော တရားတို့သည် ရှိကုန်သော်လည်း ထိုအဝိတက္က ဝိစာရမတ္တ တရားအပေါင်းသည် ဝိစာရမှတပါးသော တရားနှင့် မယှဉ်ခြင်းကြောင့် သဗ္ဗေပိ တေဝိစာရေန သမ္ပယုတ္တာ-ဟု မိန့်သည် ဖြစ်ဘိသော်။ ။အရှင်ဋီကာဆရာ—အဝိတက္က ဝိစာရမတ္တ တရားတို့တွင် ဝိတက်နှင့်ယှဉ်ကုန်သော တရားတို့သည် အဝိတက္က ဝိစာရမတ္တ တရား အပေါင်း၏ ယှဉ်ခြင်းဖြစ်သည် မဟုတ်ပါလောဟု စုဒ်ရှိရကား နဟိ တဒေကဒေသဿ ။ပ။ ဟောတိကို မိန့်။ ။အဓိပ္ပါယ်ကား၊ အဝိတက္က ဝိစာရမတ္တတရားတို့တွင် အစိတ်ဖြစ်သော ဝိတက်၏ တပါးသော ဖဿစသည်နှင့် ယှဉ်ခြင်းသည် အပေါင်းဖြစ်သော အဝိတက္က ဝိစာရမတ္တတရား၏ယှဉ်ခြင်း မဖြစ်ခြင်းကြောင့် အညေန ကေနစိ သမ္ပယုတ္တော နဟောတိ-ဟု မိန့်သည် ဖြစ်ဘိသော်။ ။အစိတ် ဖြစ်သော ဝိတက်၏ ယှဉ်ခြင်းသည် အဝိတက္က ဝိစာရမတ္တ တရားအပေါင်း၏ ယှဉ်ခြင်း မဟုတ်ခြင်းကို ဥပမာဖြင့် ပြတော်မူလိုရကား ယထာ နာနာစိတ္တုပ္ပါဒေသု။ပ။ဒဋ္ဌဗ္ဗံ-ကို မိန့်။ ။အဓိပ္ပါယ်ကား၊ ဣဒ္ဓိပါဒ လေးပါးတို့တွင် ဆန္ဒိဒ္ဓိပါဒသည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, ဝိညာဏက္ခန္ဓာ-ဟူကုန်သော ခန္ဓာသုံးပါးတို့နှင့် ယှဉ်သည်။ [ ကြွင်း ဣဒ္ဓိပါဒတို့ကို ယထာရဟာသိသင့်ပြီ။ ] ဤသို့လျှင် အစိတ် ဖြစ်ကုန်သော ဣဒ္ဓိပါဒ တို့၏ ခန္ဓာသုံးပါးတို့နှင့် ယှဉ်ခြင်းသည် အပေါင်းဖြစ်သော ဣဒ္ဓိပါဒ လေးပါး၏ ယှဉ်ခြင်းမဟုတ်ခြင်းကြောင့် ဣဒ္ဓိပါဒေါ ဒွီဟိ ခန္ဓေဟိ သမ္ပယုတ္တောဟု-ဟောတော် မူသကဲ့သို့ မှတ်ရမည် ဖြစ်ဘိသော်။

**ဝါကျကား၊** ဝိတက္က သဟိတေသုပိ။ပ။ဝတ္တုံကား (ပဋိညာ)သောဟိ ။ပ။ဟောတိကား (ထိုပဋိညာ၏ဟေတု) ပဋိညာသို့ပြန်၍စပ်။ နဟိ ။ပ။ ဟောတိကား ထိုဟေတု၏ ဟေတုတည်း။ မူလဟေတုသို့ပြန်၍စပ်။ ယထာ နာနာစိတ္တုပ္ပါဒေသု ။ပ။ နဟောတိ-ကား (ဥပမာ) ဧဝမိဓာပိ ဒဋ္ဌဗ္ဗံကား (ဥပမေယျ) ဤသို့လျှင် အစိတ်လေးပါးရှိသော ဝါကျကြီးတည်း။ ။

